# သခင့်စကား
## The LORD's Word

မင်းအောင်သက်လွင်မှီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ယေရှုက - - - သမ္မာတရားနှင့်စပ်ဆိုင်သမျှသော သူတို့သည် ငါ့စကားကိုနားထောင်ကြလိမ့်မည်။ ဟုမိန့်တော်မူ၏။ ယော ၁၈း၃၇

အမှတ်စဉ် (၁၀၇) ဇူလိုင်လ ၂၀၁၀ခုနှစ် ခမှုဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)


### တကယ်တော့ ( မင်းအောင်သက်လွင် )




တကယ်တော့ လူ့ဘဝဟာခနတာတိုတိုလေးပါ၊
ဘာ့ကြောင့်များသူ့ထက်ငါ ယှဉ်ပြိုင်နေကြတာ။
တကယ်တော့ လူ့အသက်ဟာ ကုန်လွယ်လွန်းတာ၊
ဘာ့ကြောင့်များ သူတစ်ပါးအပေါ်ကို အနိုင်လို ချင်ကြတာ။
ရိုးလွန်းသူက၊ ဆိုးလွန်းသူကို ကဲ့ရဲ့။ ကောင်းလွန်းသူက၊ ပေါင်းလွန်းသူကို တွန်းနဲ့
သစ်လွန်းသူက ၊ ညစ်လွန်းသူကို မဲ့ရွဲ့ ။ တော်လွန်းသူက ၊ ချော်လွန်းသူကို အပြစ်ဖွဲ့
သန့်လွန်းသူက ၊ ညံ့လွန်းသူကို ခနဲ့တဲ့တဲ့၊ တတ်လွန်းသူက ၊ ညပ်လွန်းသူကို ဖြဲချဲ့
ဖြောင့်လွန်းသူက ၊ ကောက်လွန်းသူကို ကုတ်ဖဲ့။ မူလွန်းသူက ၊ ထူလွန်းသူကို တွန်းဖဲ့
ရှိလွန်းသူက ၊ ပိ လွန်းသူကို ဆွဲဖဲ့.....
ဩော် ..... တကယ်တော့ လူ့ဘဝဆိုတာ ရေပွက်ပမာ အခိုးအငွေ့ လိုပါ၊
အရာအားလုံးဟာ ကျေးဇူးတော်သက်သက် ....
ဘာမှ မရှိလို့လဲ ဘုံ မပျောက်ကြနဲ့ ၊ ဘာမှ မလိုလို့လဲ ဂုဏ် မမောက်ကြနဲ့ ။
တကယ်တော့ လူ့ဘဝဟာ တို လွန်းတယ်ဆိုတာ
မငိုရသေးခင်မှာ နှလုံးသွင်းဆင်ခြင် ကြည့်လိုက်ပါ။

---

### လမိုးမှုန် Blessing Rain

အမေက ဖုန်းဆက်တိုင်းမှာ အားရှိတာ စားတဲ့။ စဉ်းစားမိတာကတော့ နှပ်မှန်တာ ကိုဘဲ
ဘုရားရှင်ကိုပဲ ကျေးဇူးတင် ခွန်အားပြည့်ဖို့သာ ဆုတောင်းနေသူပါ။
အစ်မကလည်းမှာ နင့်ဖို့ စုထားနော်တဲ့။
တွေးမိတာတော့၊ အကြွေးကျေဖို့အရေး ပြင်ဆင်နေခြင်းသာ ဖြစ်ခဲ့သူပါ။
မောင်လေးကလည်းမှာ တို့ကနင့်ကိုအားကိုးတာတဲ့။
ခွန်အားရှိလို့ အားအင်တိုးခဲ့ပါတယ်။ မျှော်လင့်ခြင်းနဲ့ ခရီးဆက် ငါ့တွက်တော့
အားကိုး ထာဝရ။ ခမည်းတော်ဘုရားထံ ယေရှုနာမနှင့် အစဉ်တောင်း၊
လိုအင်လည်း ပြည့် ၊ လမ်းမှန်ကိုလည်း တွေ့။
ဒုက္ခတွေ အကြောင်းနဲ့ ခေါင်းမရှုပ်တော့ဘူး။
"အိုသခင် – ကိုယ်တော်သည် ကျွန်ုပ်နှင့်အတူရှိ၍ ကျွန်ုပ်အား မည်သည့်အခါမျှ စွန့်ပစ်ထားမည် မဟုတ်ကြောင်းကို ယုံကြည်ခြင်း ရှိပါ၏။" အာမင်

---



### သခင်ကျေနပ်ရင် တော်ပါပြီ ငွေကျောက်ဖြူ

ပရိတ်သတ် မျက်ရည်ကျအောင် တရားတစ်ပုဒ် မဟောတတ်ဘူး၊
သူတို့တွေ အဆာပြေစားဖို့ ဟင်းတစ်ခွက်ကောင်းကောင်း ချက်တတ်တယ်။
လက်ခုပ်သံတွေ ညံသွားအောင် သီချင်းတစ်ပုဒ် ကောင်းကောင်း မဆိုတတ်ဘူး၊
ပရိတ်သတ် အဆင်ပြေဖို့ ခုံကောင်းကောင်း စီတတ်တယ်။
တစ်ပါတ်တစ်ခါ ကြင်နာသူနဲ့ လျှောက်လည်ဖို့ Air con bus တွေ မလိုအပ်ဘူး။
အိမ်လိုက်ပြောင်းပေး နေရတဲ့ အမိုးဖွင့် Lorry လေး ရှိတယ်။
(Lorry မြင်တိုင်း ခါးက နာချင်တယ်)
IT show, Shopping Mall တွေလျှောက်လည်ဖို့ သူငယ်ချင်းတွေ မလိုဘူး၊
Ph number မြင်တိုင်း ငါးရူ မျက်နှာ ပြေးမြင်မိတဲ့ သူငယ်ချင်း တစ်ယောက်ရှိတယ်။
(ငါကိုယ်က မိုက်တာ)
နောက်ဆုံးပေါ် ရေမွှေးမိတ်ကပ်တွေနဲ့ ပြင်ဆင်လို့ Church လာစရာ မလိုဘူး၊
သခင် ပေးတဲ့ ရေမွှေးနဲ့ မိတ်ကပ် (ချွေးနဲ့အိုးမဲ) ကိုခပ်ပါးပါး လိမ်းရင် ရပြီ။
(ဝတ်လာ စားလာလည်း မထူးဘူး၊ ဒီချောင်ထဲပဲ ဝင်ရတာ)
CE ပြီးရင် ကြင်နာသူနဲ့ လက်ဆုံစားဖို့ grand dinner တွေမလိုဘူး၊
ကပွဲယ ယောင်ယောင် ဝမ်းချောင်ချောင်နဲ့ Chicken rice လေးရှိတယ်။
အသင်းတော်ဟာ ခရစ်တော်ရဲ့ ကိုယ်ခန္ဓာ ဖြစ်တယ်ဆိုရင်
ပျော်လိုက်တာ ငါဟာ သခင့် ခြေဖဝါးတစ်စုံ ဖြစ်ရလို့။
ဝဋ်ကြွေးရှိသမျှ ကျေပါ ဆိုတော့လို့လည်း မဆိုချင်ဘူး၊ သခင်မျက်နှာ မကောင်းမှာစိုးလို့။
ဘာတွေ ဘယ်လို ကွာဟ နေပါစေ၊ သခင် အသိအမှတ်ပြုမှာ သိလို့
ဒီဘဝလေးကို ကျေနပ် ပါတယ်။ လိုရာကိုသုံးပါ သခင်။ ။
(လူတွေမမြင်တဲ့ တစ်ထောင့်တစ်နေရာမှ ညီအစ်ကို မောင်နှမများကို ဂုဏ်ပြုလျက်––)

---

### ဖေဖေသို့ ဒီလှိုင်း



အကြီးက ဘယ် ငယ်က ညာနင့် ၊ ချီပိုး နမ်းရှုံ့ အလုပ်ရှုပ်ခဲ့တဲ့ ဖေဖေ။
ဘဝမုန်တိုင်း လှိုင်းဒဏ်ကြားမှာ ကြံ့ကြံ့ခံရင်း
သားလုရွှေသွေး ဒီသားလေးတွေ မျက်နှာမငယ်ရေးသာ ရှေ့ရှုခဲ့တဲ့ ဖေဖေ။
တစ်လုပ်မက နှစ်လုပ်ရလဲ သိမ်းကြုံးသာလုပ် ခြစ်ခြစ်ကုတ်ကုတ်
အစုတ်လေးသာ ဝတ်ဆင်ခဲ့တဲ့ဖေဖေ။
နိုင်ငံရပ်ခြား သွားသည့် သားကို စိတ်မချလို့
ရင်ထဲရိုးရွ စိုးရိမ်စိတ် ဖြာခဲ့တဲ့ ဖေဖေ။
ပြင်းပြဝေဒနာ နာကျင်မှုတွေကြားမှာ အံကို ခဲရင်း ဒီသားလေးတွေ တိုးတက်ရေးသာ
ရှေ့ရှုခဲ့လို့ ရင်ခွင်ရှိရာ ပြန်မခေါ်ရက်တဲ့ ဖေဖေ။
ဖေဖေရေ - မေမေလဲ သတိရလို့ ငိုတယ်။ ကျွန်တော်လဲ သတိရလို့ငိုတယ်။
ညီလေးလဲ သတိရလို့ ငိုတယ်။ ငိုလို့ ကျလာတဲ့ မျက်ရည်တွေနဲ့
လွမ်းသူ့ သစ်ပင်လေးစိုက်ပျိုးခဲ့တာ တစ်နှစ်သား ရှိခဲ့ပြီ ဖေ ။
လွမ်းသူ့ သစ်ပင်လေးက နေ့စဉ်နှင့်အမျှ ရှင်သန်ကြီးထွားလာသလို
သားတို့ ရင်ထဲမှာလဲ အစဉ်အမြဲ သတိရ လွမ်းဆွတ်မြဲပါ ဖေဖေ ။ ။

---



### သတိရစေပါသခင်

ကျွန်ုပ် အထီးကျန်တဲ့အခါ သံလွင်တောင်မှာ အထီးကျန်စွာ
သွေးချွေးကျရှာတဲ့ ကိုယ်တော်ကို သတိရ စေတော်မူပါ။
ကျွန်ုပ် နာကျင်တဲ့ခါ ညှဉ်းပန်းနှိပ်စက်၊ ဒဏ်ရာပြည့်နှင့်
ကိုယ်တော့်ကို အောက်မေ့စေတော်မူပါ။
ကျွန်ုပ်ကိုကဲ့ရဲ့၊ တပါးသူပြုသောခါ ဂုဏ် မဆယ်နိုင်၊
ကိုယ်တော်ခံရ ရှက်ကြောက်ဖွယ်ကို အမှတ်ရစေပါ။
ဒုက္ခအမှောင်ထဲ၊ ကျွန်ုပ်ပြိုလဲတဲ့ခါ ကားတိုင်လမ်း လဲကျ သုံးကြိမ်
ဆုံးထိတိုင်၊ ကိုယ်တော်ပေးဆပ် နှလုံးသွေးစက် တစ်စက်မကျန်
သွန်းလောင်းချစ်တဲ့ ကျွန်ုပ်သခင်ကို တောင့်တစေပါ။
ကျွန်ုပ်လိုသမျှ ကိုယ်တော် နာမတော်မြတ်၌ ခမည်းတော်ကိုတောင်း
အလိုတော်မြတ်တိုင်း ဖြစ်စေပါ။ ။ အာမင်။

### ရွေးချယ်မှုလိုအပ်လာလျှင် ဆိုင်းတောင်

လူ့ရှေ့မှာနိမ့်ကျနေပါစေ စာတန်ရှေ့မှာတော့ မနိမ့်ချချင်ပါဘူး၊ အကယ်၍များ –
စာတန်ကို အနိုင်ရဖို့အတွက် လူ့ရှေ့မှာ နိမ့်ချဖို့လိုအပ်လာလျှင် သင်ဘာကိုရွေးမလဲ။
လူ့ရှေ့မှာ ရှုံးနိမ့်ရပါစေ၊ ဘုရားရှေ့မှာတော့ မျက်နှာရချင်တယ်၊ အကယ်၍များ –
ဘုရားရှေ့မှာ အမှတ်ရဖို့တွက် လူ့ရှေ့မှာ အရှုံးခံဖို့လိုအပ်လာလျှင် သင်ဘာကိုရွေး မလဲ။
လူ့ရှေ့မှာ အမြင်မှားခံရပါစေ ဘုရားရှေ့မှာတော့ အမှန် ရချင်တယ်။ အကယ်၍များ–
ဘုရားရှေ့မှာ အမှန်ဖြစ်ဖို့တွက် လူ့ရှေ့မှာ အပြစ်တင်ခံရဖို့
လိုအပ်လာလျှင် သင်ဘာကို ရွေး မလဲ။
လူ့ရှေ့မှာ ညံ့ဖျင်းနေပါစေ ဘုရားရှေ့မှာတော့ ရိုးသားနေချင်တယ်၊အကယ်၍များ–
ဘုရားရှေ့မှာ ဖြူစင်ခွင့်ရဖို့တွက်လူ့ရှေ့မှာရှုံချခံရဖို့လိုအပ်လာလျှင် သင်ဘာကို ရွေးမလဲ။



သခင့်စကား ဝိညာဉ်ရေးရာစာစောင်၊ အမှတ်စဉ် ၁၀၇ ၊ ဇူလိုင်လ ၂၀၁၀ခုနှစ်၊ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

လူ့အမြင်မှာ သိမ်ငယ်နေပါစေ၊ ဘုရားရှေ့မှာတော့ ငါကြွားခွင့် ရချင်တယ်။
အကယ်၍များ – ဘုရားရှေ့မှာ ဝမ်းမြောက်ခွင့် ရဖို့အတွက်
လူရှေ့မှာ ငြင်းပယ်ခံရဖို့ လိုအပ်လာလျှင် သင်ဘာကိုရွေးမလဲ။
ဘုရားနှင့်စာတန်၊ ဘုရားနှင့်အခြားအရာ၊ ထာဝရကာလနှင့် တဒင်္ဂအရာများ
ကျွန်ုပ်နှင့်သင် ရွေးချယ်ရတော့မည်ဆိုလျှင် ဘာကို ရွေးချယ်ကြမလဲ။ ။

---

## အဓိကလိုအပ်ချက် Samuel Soe Lwin




လောကဤမြေကမ္ဘာ ၊ သူသူငါ အရောင်တွေကွဲလည်း
တူညီအရာ တခုကတော့ ၊ မွေးဇီဇဟာ အပြစ်နှင့်သာ.....
မြင်တွေ့ရ သူသူငါ ၊ မတူခလေ့ ထွေထွေရှိလည်း
တူညီ အာသာတခုကတော့ ၊ ဘုရားရှင်သာ ကိုးစားရာပေါ့....
ကွဲပြားဝါဒ ဖြစ်နေကြလည်း ၊ တူညီ လိုအပ်တစ်ခုကတော့
တစ်ဆူဘုရားနှင့် သမ္မာတရားပေါ့...
နည်းတွေ မတူညီ လုပ်ထုံးတွေ စာစီ မရေနိုင်လည်း
ဖြစ်သင့်သေချာ သိသင့်တာတော့ နှုတ်ကပါတ်သည်သာ အရင်းအခြာပေါ့...
ဘာတွေ ဘယ်လိုကွဲကွဲ ဒို့တွေ စိတ်ဝယ် စွဲဘို့ကတော့ဖြင့်
ဘုရားကို ရှေ့တန်းတင် သမ္မာတရား ရင်ထဲဝင်က
အမှားမရှိ ဘုန်းထင်ရှားမည် ရာနှုန်းပြည့် ။ ။



---

## ဖိတ်ခေါ်ခြင်း မလေး (ဂျူလိုင်)

ဆုတောင်းခြင်းကို နားထောင်သူ ၊ အတူတူ ငိုကြွေးပေးသောသူ
ချစ်ခြင်းများစွာဖြင့် ချစ်တတ်သောသူ ၊ ဝိညာဉ်အသက် ပေးသောသူ
အသက်မုန့်ကို ပေးသောသူ ၊ အိပ်ပျော်ခြင်းအား စောင့်ကြည့်ပေးသူ
စိတ်ပူပန်ခြင်းအား နားလည်ပေးသူ၊ ဝမ်းနည်းသောခါ သက်သာစေသူ
ပင်ပန်းသောခါ အနားပေးသူ၊ ယုံကြည်ခြင်းဖြင့် မဖြစ်နိုင်ခြင်းအား ဖြစ်စေသောသူ
သေလွန်ခြင်းတဘက်၌ ထာဝရအသက် ပေးသူ။
ထိုသခင်ကို ယုံကြည်ဘို့ရန် မိတ်ဆွေတို့ ယခု လာကြပါ။



---

## မောင်ဘယ်မှာလဲ MMS (ရှမ်းမြောက် - လားရှိုးမြို့)

စလုံးကိုရောက် အပူထုတ်နှင့် ဝမ်းနည်းရုပ်သွင် မာန်အပြည့်နှင့်
သမီးလာတာ မိဘကို လုပ်ကျွေးချင်လို့ပါတဲ့။
နစ်ရှည်လများ ချွေးပေါက်ကြီးငယ် ခြေမ ပေါ်ကျ ပြူစူကြိမ်းမောင်း
အော်သံကြားမှ ရတဲ့ လစာ ကြိတ်ကာ စုလို့ နဖူးပေါ် ချွေး၊
မသုတ်အားသေး Toilet ဆေးရအုံးမယ်တဲ့။
သူလဲ သွေးနှင့် သားနှင့် လူသားပေမို့ ။ နွေးထွေးရင်ခွင် လိုက်ကာရှာတော့
မောင့်ကို ချစ်လိုက်တာတဲ့ ၊ ဝမ်းနည်းအားငယ် ကြုံလာသည့်ခါ
တိုင်တည်ဖွင့်အံ အမောင့်ထံ ၊ အမောင်လူသား ရင်ကိုကော့၍ အားမလျှော့နှင့်
မောင်တစ်ယောက်လုံးရှိသည်တဲ့။ မချစ်စဖူး အချစ်ဦးမို့ ရှူးကာမူးကာ
အကုန်ပေးစဉ် အမောင်လူသား ပြုံးကာကြည့်တော့။ မိဘ ဘဝ အကုန်မေ့သည်တဲ့။
ကြုံလာတစ်နေ့ အဖေ့ ဒုက္ခ ဆေးရုံပေါ်၊ အမေ့ ဒုက္ခ Heart attack
စုထားသည့် အသပြာ တုန်တုန်ယင်ယင် ပို့ကာပေး
အပြန်လမ်းတော့ ဝမ်းနည်းလိုက်တာတဲ့
လောကဓံကို တစ်ယောက်တည်းမို့ အားကိုးရင်ခွင် လိုက်ကာရှာတော့
ဟင် အမောင် ဘယ်ရောက်သွားပြီလဲ။ ။



---

## အလွန်အသုံးဝင်သောထိုငွေကြောင့် – – ဓါအုန်သတို့သမီး

မဖွံ့ဖြိုး မတိုးတက်သေးသော နိုင်ငံများမှ လူများသည် တိုးတက်သော နိုင်ငံကို အထင်ကြီး လေးစားတတ်ကြသည်။ ဥပမာ– မြန်မာနိုင်ငံမှ လူများသည် စင်ကာပူကို အထင်ကြီးကာ စင်ကာပူကို လာဖို့ အသည်းအသန် ကြိုးစားကြ၏။ စင်ကာပူရောက် လူများကလည်း ပို၍တိုးတက်သော အနောက်နိုင်ငံများသို့ သွားရန် ကြိုးစားကြပြန်သည်။ ကိုယ်ဘယ်မှာပဲ ရှိနေနေ၊ ကိုယ်ရဲ့ စိတ်ဓါတ်တွေ မပျက်ဆီးဖို့က ပို၍ အရေးကြီးပါသည်။ ကိုယ်ဘယ်လောက်ပဲ ဆင်းရဲနေပါစေ၊ ကိုယ်ရဲ့ စိတ်သန့်သန့်နှင့် အသက်ရှင်နိုင်ရန် အရေးကြီးပေသည်။ တချို့သော သူများသည် "ဘယ်သူ သေသေ၊ ငေတမာရင် ပြီးရော" ဆိုသည့်သူများ ဖြစ်သည်။ လူတွေ အထင်ကြီး လေးစားသော စင်ကာပူနိုင်ငံ၌ ကျွန်မ အလိမ်ခံရဖူးပါသည်။ အိမ်ရှင်နှင့် ပွဲစား ၂ယောက် ပေါင်းကာ လိမ်ညာကြပါသည်။ ကျွန်မ၏ ချွေးနည်းစာ မစားရက် မသောက်ရက် ရှိစုမဲ့စု ဒေါ်လာ ၂၄၀၀ ပါသွားခဲ့ဖူးပါသည်။ ဒေါ်လာ ၂၄၀၀သည် ကျွန်မ အတွက် များသော ပမာဏမှာ ရှိလေသည်။ ပိုက်ဆံလည်း အလိမ်ခံရ၊ အိမ်လည်း နေထိုင်ရန် အခက်တွေ့ ခဲ့ရသည့်အပြင် ၁လ ၂လလောက် ငွေလည်ပတ်မှု ခက်ခဲသွားသည်။ လူလိမ်များသည် တဖက်သား ဘယ်လို ဒုက္ခ ရောက်သွားမည်ကို ကိုယ်ချင်း မစာပဲ အလွန်အသုံးဝင်သော ထိုငွေကြောင့် လိမ်ညာခဲ့ကြသည်။ ဒါ စင်ကာပူမှာ အလိမ်ခံရတာပါ။

တစ်လောက အမေရိကားကို ကျွန်မ အလည်ရောက်ခဲ့ပါသည်။ ထိုနေ့က ဂူးဂူးနှင့် ကျွန်မ St Louis Art Museum သို့ သွားရောက်လည်ပတ်သောနေ့ ဖြစ်သည်။ ကားပါကင်ထိုးပြီး ဂူးဂူး အပေါ့သွားချင်၍ ကားထဲမှာ ကျွန်မ တယောက်တည်းပဲ စောင့်ကျန်နေခဲ့သည်။ ဂူးဂူးလည်း ပြန်လာရော ကပ္ပလီ အမျိုးသမီးကြီး တယောက် လာရောက် ချဉ်းကပ် စကားပြောလေသည်။ ကျွန်မကိုလည်း လှသည်ဟု ပြောပြန်သည်။ ပြီးတော့ ဂူးဂူးကို သူမနှင့် သူမ၏ သမီး အိမ်ပြန်ရန် လမ်းစရိတ် မရှိကြောင်း၊အိမ်ပြန်ရန် ကူညီဖို့ ပြောလေသည်။ ဂူးဂူးသည် စိတ်ထားဖြူစင်သူဖြစ်သည့် အလျောက် သူမ ဆိုလိုသည်ကို သဘော မပေါက်ကာ အိမ်ပြန်ပို့ရန် မဖြစ်နိုင်ကြောင်း၊ အခုပဲ ရောက်၍ ပါကင် ရရန်လည်း ခက်ခဲကြောင်း ပြောလေသည်။ ကပ္ပလီ အမျိုးသမီးကြီးလည်း အိမ်ပြန်ပို့ရန် မလိုကြောင်း၊ တက္ကစီ စီးရန် ၁၇ဒေါ်လာ သာ ပေးရန် ပြောလေသည်။ ပြီးတော့ သူမနှင့်သူမ၏ သမီး ဒုက္ခရောက် နေကြောင်းများကို ထပ်ကာထပ်ကာ ပြောလေတော့သည်။ သူမ၏ သမီးဖြစ်သူအား ကျွန်မ မတွေ့ခဲ့ရပါ။ စိတ်ထား ကောင်းမွန်သော ဂူးဂူးသည် ကျွန်မအား မတိုင်ပင်ပဲ ဒေါ်လာ ၂၀ ထုတ်ပေးကာ ပြန် မအမ်းရန်လည်း ပြောလိုက်သေး၏။ ကပ္ပလီ အမျိုးသမီးကြီးလည်း God Bless you. မင်းတို့လောက် စိတ်ထား ကောင်းတဲ့ သူကို ဒီအမေရိကားမှာ မတွေ့ဖူးကြောင်း ပြောလေသည်။ ပြီးတော့ ဂူးဂူးသည် ကျွန်မအား ကပ္ပလီ အမျိုးသမီးကြီးက နင့်ကို လှတယ်လို့ ပြောသွားတယ်ဟု ပြောသောအခါ ကျွန်မကလည်း ဒေါ်လာ၂၀ တောင်ရသွားတာကို ပြောမှာပေါ့လို့ ပြန်ပြော လိုက်သည်။ ပြီးတော့ ထိုအမျိုးသမီး ညာကြောင်း ရှင်းပြရသည်။ ဒီအမျိုးသမီး ပြန်ဖို့တော့ ဒုက္ခ ရောက်တယ်၊ လာတော့ ဘယ်လိုလာလဲ။ စသည်ဖြင့် ရှင်းပြပြီး ပြောသောအခါ ဂူးဂူးသည် တနေကုန် စိတ်မကောင်း ဖြစ်ခဲ့ရ၏။

ကျွန်မကပဲ စိတ်မကောင်း မဖြစ်ရန်နှင့် သူပြောသွားသည့်အတိုင်း Blessing ရမည် ဖြစ်ကြောင်း ချော့ပြောခဲ့ရသည်။ ဒေါ်လာ၂၀သည် ဒေါ်လာ ၂၄၀၀ လောက် မများ သော်လည်း အလွန် အသုံးဝင်သောထိုငွေကြောင့် ဂူးဂူး၏ စိတ်နလုံး ကောင်း အား အသုံးချသွားမှု အတွက် စိတ်မကောင်း ဖြစ်ရပါသည်။ တခါတရံ စိတ်ထားကောင်းသူများကို တချို့ သူများသည် အသုံးချတတ်ကြသည်။ ကျွန်မ တို့သည် ဒီလောက၌ နေထိုင် သောအခါ အခက်အခဲ အမျိုးမျိုးကို ကြုံတွေ့တတ်ကြသည်။ အလွန် အသုံးဝင်သော ထိုငွေကြောင့် "အကြံကုန်၊ ဂဠုန် ဆား ချက်" စိတ်ဓါတ် ပျက်ရှင်းခြင်း အဖြစ်မျိုးနှင့် အသက်မရှင်ပဲ နှုတ်ကပတ်တော်၌ ခွန်အားယူ၍ အသက်ရှင်ရန် လိုအပ်ပေသည်။ လူသည် ကိုယ့်သမိုင်းကို ကိုယ် ရေးသည်။ ကျွန်ုပ်တို့ ဘယ်လို သမိုင်းမျိုး ရေးချင်ပါသနည်း။ ။

ဓါအုန်သတို့သမီး (သုတ္တံကျမ်း ၁၄း၃၄ ဖြောင့်မတ်ခြင်းတရားသည် ပြည်သားတို့ကို ချီးမြှောက်တတ်၏။ ဒုစရိုက် အပြစ် မူကား ပြည်သားတို့ကို ရှုတ် ချတတ်၏။ )

---

## ဘုရားကို မယုံကြည်ခဲ့သောရှေ့နေ Samuel Soe Lwin

ဘုရားရှိခြင်း၊ မရှိခြင်းအပေါ်တွင် သံသယ ပွားနေသော သူများ အထဲမှ ဘုရားမြတ်ရှင် တည်ရှိကြောင်းကို ယုံကြည်မှု ကင်းမဲ့သော ရှေ့နေတစ်ဦးသည် သူ၏ ရုံးခန်း အဝင်ဝ၌ စာတန်းတစ်ခု ချိတ်ဆွဲထားလေသည်။ ၎င်း စာတန်းမှာကား -

**"ဘုရားမြတ်ရှင် တည်ရှိတော်မမူ" "God is nowhere" ဟူ၍ဖြစ်သည်။**

တစ်နေ့တွင် သူ၏ ရုံးခန်းရှိရာသို့ ချစ်လှစွာသော သူ၏ သမီးငယ် ကလေးသည် ရောက်လာပြီး ကလေးပီပီ မြင်မြင်သမျှ စာကိုကြိုးစားကာဖတ်ရှု၍ စူးစမ်းရှာဖွေ

နေသော အရွယ် ဖြစ်သောကြောင့် သူ၏ ဖခင်ကြီး ဘုရား မယုံကြည်ခဲ့သော ရှေ့နေ ကိုယ်တိုင် ရေးထားသော စာတန်းကလေးကို ကြိုးစား အားထုတ်ရင်း မပီကလာ၊ ပီကလာနှင့် အောက်ပါအတိုင်း ဖတ် လိုက်လေသည် -

**"ဘုရားမြတ်ရှင်သည် ဤနေရာတွင် ရှိတော်မူ၏" "God is now here"** ဟူ၍ဖြစ် သတည်း။ သမီးငယ်၏ ဖတ်ရွတ်ခြင်းကို ကြားသောအခါတွင် သူ၏ စိတ်နှလုံးကို ဘုရားရှင်က သမီးငယ်ကလေးအားဖြင့် တစ်ပြိုင်တည်း စကား ပြောကြား၍ သက်သေ ထူခဲ့လေသဖြင့် ထိုနေ့၊ ထိုအချိန်၊ ထိုနေရာတွင်ပင် "ဘုရားမြတ်ရှင်မရှိ" ဟူ၍ ယုံကြည်ခဲ့သော ထိုရှေ့နေသည် ထိုနေ့မှစ၍ တစ်ဆူတည်းသော ဘုရားကို သက်ဝင် ယုံကြည်သူ ဖြစ်သွားလေတော့သည်။ နာမတော်မြတ်၌ Samuel Soe Lwin

(မှတ်ချက်။ ။ W.Noble ၏ 625 Usable Illustration မှ Infidel lawyer အား မြန်မာမှု ပြုပါသည်။)

---



## နားထောင်ခြင်းသော့ *တောနှင်းပန်း*

မှတ်မှတ်ရရ ၁-၁-၂၀၀၉ နှစ်သစ်ကူးနေ့မှာ ကျွန်မတို့ ဇနီးမောင်နှံရဲ့ ၆နှစ်မြောက် မင်္ဂလာရက်မြတ် ကျေးဇူးတော်ချီးမွမ်းခြင်းနဲ့ နှစ်သစ် ဆက်ကပ် ဆုတောင်း စည်းဝေးကို အင်းစိန်အိမ်မှာ ပြုလုပ်ခဲ့ပါတယ်။ ဘုရားရှိခိုးနေချိန်မှာ အိမ်ကို လာလည်တဲ့ တူ တူမ ကလေးတစ်သိုက်က အရမ်းဆော့ကြတဲ့အတွက် သူတို့ကို အိပ်ခန်းထဲ ငြိမ် အောင် ခန ထည့်ထားပြီး သမီး အိပ်ချိန်ရောက်မှ ကလေးတွေ အားလုံးကို အပြင် မောင်းထုတ်လိုက်ပါတယ်။ အိပ်ခန်းရဲ့သော့က တူ၊တူမ ကလေးတွေ ယူ ဆော့မှာ စိုးတာမို့ အိပ်ခန်း ကုတင်ပေါ်က သူ့အဖေ စောင်ပေါ် ကျွန်မ ခနတင်ထားခဲ့ပါတယ်။ စည်းဝေးပြီးလို့ ဧည့်သည် တော်တော်များများ ပြန်သွားပြီး ကာမှ သမီးလေး အိပ်ချိန် ရောက်လို့ သူ့ကို ချော့သိပ်ဖို့ ကျွန်မ သမီးလေးကို အိပ်ခန်းထဲခေါ်သွားခဲ့ပါတယ်။ သမီးက ပုံပြင် နားထောင်ချင်တယ် ဆိုတာနဲ့ ကျွန်မ သူ့ကို အိပ်ခန်းထဲမှာ ခနထားခဲ့ပြီး အပြင်ထွက် ပုံပြင်စာအုပ် သွားယူလိုက်ပါတယ်။ အမှတ်တမဲ့ အပြင်ထွက်ချိန်မှာ အမှတ်မထင်ဘဲ ကျွန်မ တံခါးကို ဆွဲပိတ်မိ လိုက်ပါတယ်။ ချက်ခြင်း ကျွန်မ သိလိုက်မိတယ်။ ကျွန်မတို့ အိမ်ရဲ့ အိပ်ခန်းတံခါးက သော့ဂျက်ကျသွားရင် အပြင်ကနေ သော့တံ နဲ့ ဖွင့်မှ ရပါတယ်။ သော့တံ မပါရင် လုံးဝ ဖွင့်လို့ မရပါ။ သော့တံက အိပ်ခန်းထဲ က သူ့အဖေ စောင်ပေါ်မှာပါ။ အိပ်ခန်းထဲမှာက ၂နှစ်အရွယ် သမီးလေး တစ်ယောက် တည်းပါ။

ကျွန်မ ထူပူပြီး ခေါင်းကြီးသွားပါတယ်။ ၂နှစ်သာသာ ရှိသေးတဲ့ သမီး လေး က အခန်းတံခါး လက်ကိုင်ကို အတွင်းခန်းကနေ လှည့်ဖွင့်ပေးဖို့ အားလဲ မသန်တဲ့ အပြင် အရပ်လဲ မမီပါဘူး။ အပြင်က ရှိနေတဲ့ လူတွေက အိပ်ခန်းထဲ ဝင်ဖို့ မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အိပ်ခန်း ပြူတင်း တံခါးပေါက်တွေ အားလုံးမှာ လက်မ လုံးလောက် ရှိတဲ့ သံချောင်းတွေနဲ့ ကာထားတာမို့ပါ။ အခန်း တံခါးကို ဖျက်ဝင်ရအောင်လဲ တံခါးက ပျဉ်းကတိုး မာမှ မာ။ သော့ကလဲ မြန်မာ ဖြစ် သံက အမာစား။ ကျွန်မ အိမ်အောက်ဆင်းပြီး မတွေ့တာကြာပြီဖြစ်တဲ့ နယ်က ရောက်လာတဲ့ ငယ်သူငယ်ချင်းနဲ့ စကားပြောနေတဲ့ ခင်ပွန်းသည်ကို ပြေးခေါ် လိုက်တယ်။ သမီးလေး အိပ်ခန်းထဲမှာ တစ်ယောက်တည်း ပိတ်မိနေပြီး သော့လဲမရှိဘူးလို့။ သူတို့လဲ ပြူးပြူးပြာပြာနဲ့ လိုက်လာကြပါတယ်။ သတင်းက ပြန့်သွားတော့ ယောက္ခမ အိမ်မှာ ရောက်နေတဲ့ ယောင်းမ တော်သူရဲ့ ရည်းစားရော အသင်းတော်က လူငယ် ယောကျ်ားလေးတွေရော ခင်ပွန်းသည်နဲ့ သူ့ သူငယ်ချင်းတွေရော အားလုံး အိပ်ခန်းရှေ့မှာ စုပြုံဝိုင်းအုံနေကြတယ်။ ခင်ပွန်းသည်က ပုဆိန်ခေါင်းတပ် တူရွင်းတိုကို ကိုင်ပြီး တံခါးနဲ့ သော့အိမ်ကို ရိုက်ဖျက်ပါ တော့တယ်။ တံခါးသော့လဲ မပျက်တဲ့အပြင် တံခါးရွက်လဲ ဘာမှ မဖြစ်ပါဘူး။ ကောင်းလိုက်တဲ့ သစ်။ မာလိုက်တဲ့ သံ။ လို့ခင်ပွန်းသည်က ချီးမွမ်း လိုက်သေးတယ်။ ဧည့်သည်တွေနဲ့ အဖိုးအဖွားတွေ အားလုံး မျက်စိ မျက်နှာ ပျက်နေကြပါပြီ။ အိပ်ခန်းထဲက သမီးလေးကတော့ အပြင်မှာ ဖြစ်ပျက်နေတာကို မသိရှာပါဘူး။ တံခါး သော့ lock ကျသွားတာလဲ မသိ။ သူတစ်ယောက်ထဲ အိပ်ခန်း ထဲမှာ ပိတ်ပြီး ကျန်ခဲ့တာလဲ မသိ။ အပြင်မှာ ဖေဖေ မေမေ ဖိုးဖိုး ဖွားဖွား နဲ့ ဧည့်သည်တွေက သူ့ဆီလာဖို့ အခန်းတံခါး ဖျက်နေတာလဲ မသိရှာပါဘူး။ ကျွန်မ ဘာလုပ်ရမှန်း မသိတဲ့အချိန်မှာ ဘုရားသခင်က ကျွန်မကို အကြံတစ်ခု ပေးပါတယ်။ ကျွန်မ သမီးလေး နာမည်ကို အပြင်ကနေ လှမ်းခေါ်လိုက်ပါတယ်။ တံခါးကို ပုဆိန်နဲ့ တဝုန်းဝုန်း ရိုက်ထုဖျက်တဲ့ အသံကြားမှ သမီးက မေမေ လို့ အတွင်းကနေ လှမ်းခေါ်ပါတယ်။ မေမေ ရှိတယ် သမီး ဘာမှ မကြောက်နဲ့လို့ အသံပြန်ပေးလိုက်တော့။ မေမေ လာလေ လို့ သူက ပြန်ခေါ်ပါ တယ်။ ကျွန်မ လက်တစ်လုံး သာသာလောက် လွတ်နေတဲ့ တံခါးအောက်ကနေ ကြမ်းပြင်နားထိ ကိုယ်ကို ဝပ်ပြီး အတွင်းအိပ်ခန်းထဲက သမီးလေးကို လှမ်းခေါ်တယ်။ ဟနေတဲ့ တံခါးရွက်အောက်ကနေ ကျွန်ရဲ့ လက်ချောင်း လေးတွေ ထိုးထဲ့ပြီး သမီးလေးကို လှမ်းခေါ်တယ်။ သမီး တံခါးနားကို လာခဲ့၊ မေမေ့ လက်ကိုတွေ့လားလို့ မေးတော့ သမီးဟာ အတွင်းခန်းကနေ တံခါးကြားက ထိုးထွက် နေတဲ့ ကျွန်မ လက်ချောင်း လေးတွေကို လာကိုင်ရှာပါတယ်း။ ကျွန်မက သမီးလေးကို ပါးပါးချိုတဲ့ စောင်ပေါ်မှာ သော့တစ်ချောင်းရှိတယ်။ သွားယူပေးပါ။ ဒါမှ မေမေ လာလို့ ရမယ်လို့ ပြန်ပြောလိုက်တယ်။ ကျွန်မတို့ အိပ်ခန်းကုတင်က မြင့်ပါတယ်။ ၂နှစ် အရွယ် သမီးလေး သူ့ဘာသာတက်ဖို့ အရပ်မမီပါဘူး။ အရင် အချိန်တုံးကဆိုရင် ကုတင်ပေါ်ကို ကျွန်မ ကဘဲ ချီတင် ချီချ လုပ်ရတာပါ။ အခုတော့ သမီးလေး တစ်ယောက်တည်း ကုတင်ပေါ်က စောင်ပေါ်မှာ တင်ထားတဲ့သော့ကို ဘယ်လို ကုတင် ပေါ်တက်ပြီး ယူသလဲ ဆိုတာ မမြင်ရလို့ ကျွန်မ မသိပါဘူး။

သမီးလေး ကျွန်မ စကားကို နားထောင်ရှာပါတယ်။ တံခါး အောက်ခြေက လွတ်နေတဲ့ နေရာကနေ အခန်းသော့ကို ကျွန်မ လက်ထဲ သူထည့်ပေးရှာပါတယ်။ ရလာတဲ့ သော့နဲ့ အပြင်ကနေ ဖွင့်ပြီး ကျွန်မတို့ အခန်းထဲကို ရှောရှောရှူရှူဝင်လို့ ရသွားပါတယ်။ အို တကယ့် ကျေးဇူးတော်ပါဘဲ။ ရလာတဲ့ သော့နဲ့ အခန်းတံခါးကို မြန်မြန်ဖွင့်ပြီး ကျွန်မတို့ ဇနီးမောင်နှံ သမီးလေးကို ပြေးဖက်ပြီး သိပ်လိမ္မာတာဘဲလို့ ချီးမွမ်းစကား ပြောလိုက်ပါတယ်။ သမီးလေးက ဘာမှ မသိရှာပါဘူး။ အိပ်ခန်း တံခါးအပွင့်မှာ အပြင်ကနေ သူ့ကို ဝိုင်းအုံ ကြည့်နေတဲ့ ဖေဖေ မေမေ ဖိုးဖိုး ဖွားဖွား ဧည့်သည်များကို တွေ့လိုက်ရလို့ သူက အံ့သြသွားပါတယ်။

ကျွန်မ ဘယ်လိုမှ မေ့လို့ မရနိုင်တဲ့ ဒီအဖြစ်အပျက်လေးက အသက်တာမှာ ဘုရားသခင်ပေးတဲ့ သင်ခန်းစာ ဆင်ခြင်စရာ တစ်ခု ဖြစ်လာပါတယ်။ ခရစ်တော် ဘုရားက ကျွန်တို့ရဲ့ နှလုံးသားတံခါးကို ဖွင့်ဖို့ ဗျာ ၃း၂၀ မှာ ပြောထားပါတယ်။ ၂နှစ်သမီးလေးက တံခါးအပြင်ဘက်ကနေတဲ့ အမေဖြစ်သူရဲ့ စကားသံကို နားေထာင်သလို ကျွန်မတို့လဲ ခရစ်တော်ဘုရားရဲ့ စကားသံကို နားထောင်ဖို့ ကြားတတ်ဖို့ လိုအပ်ပါတယ်။ လောက ကမ္ဘာထဲမှာ အသံမျိုးစုံက ဘုရားရှင်နဲ့ ဝေးဖို့ ခေါ်နေသလို ဘုရားရှင်နဲ့ နီးဖို့ ခရစ်တော်ဘုရားကလဲ ခေါ်နေတာကို နှလုံးသား သော့တည်းဟူသော (သခင့်စကား)ကို နားထောင် ခြင်းဖြင့် ခရစ်တော်ဘုရားနဲ့ မိတ်သဟာယဖွဲ့ပြီး ရင်းနှီးကျွမ်းဝင်သော ဘုရား သားသမီး များဖြစ်ဖို့ ကျွန်မ ဆင်ခြင် မိတာကို သက်သေခံ ဝေမျှလိုက်ပါတယ်။

(ဆင်ခြင်ရန်။ ရှုပ်ထွေးတဲ့ လောက အသံမျိုးစုံကြားမှာ ခရစ်တော်ရဲ့ အသံတော် ကိုကြားပါ။ ခရစ်တော် ရှိတဲ့နေရာကို လာပါ။ ခရစ်တော် ခေါ်သံကို နားထောင် ခြင်းဖြင့် ပြန်ထူးပါ။ နှလုံးသားမှာ ခရစ်တော်ကို နေရာပေးပြီး အသက်တာ၏ လုပ်ဆောင်မှုတိုင်းကို ခရစ်တော်နှင့်အတူ လုပ်ဆောင်ပါ။ မင်္ဂလာရှိ၍ ဝမ်းမြောက်ပျော်ရွှင်သော အသက်တာ၊ အောင်မြင်သော အသက်တာ၊ အဖ ဘုန်းတော် ထင်ရှားသော အသက်တာကို ပိုင်ဆိုင်ရမှာ အမှန်ပင်။) တောနှင်းပန်း

---

## သက်သေခံချက် ချာလကာ (AS)

ရှေ့ဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မတို့ ယုံကြည်သော ဘုရားရှင်ဟာ တန်ခိုးကြီးသော ဘုရား။ အသက်ရှင်သော ဘုရား တစ်ဆူတည်းရှိသော ဘုရားဖြစ်ကြောင်းကို သက်သေခံချင်ပါတယ်။ ဘုရားရှင်ဟာ ကျွန်မကို စင်ကာပူမှာ အလုပ်လုပ်ခွင့် ပေးထားပါတယ်။ အဆင်ပြေစွာနဲ့ နေထိုင်လုပ်ကိုင်ခွင့် ရပါတယ်။ ကျွန်မရဲ့ အလုပ်ရှင်တွေက တရုတ် မယုံကြည်သူတွေ ဖြစ်ပါတယ်။ ကျွန်မ တစ်လမှာ တစ်ရက်ဘဲ ခွင့်ရပါ တယ်။ လစဉ် ပထမအပါတ် ပွဲတော်မင်္ဂလာ ခံယူရအောင်လို့ ခွင့်ကို ပထမ အပါတ်မှာ အမြဲ ယူထားပါတယ်။ ဒီဇင်ဘာလ ရောက်တော့ ခရစ္စမတ်ပွဲနဲ့ ပွဲတော်စားဖို့ တစ်လထဲမှာ ၂ရက်တောင် ထွက်ရမှာဆိုတော့ ပွဲတော် အပါတ်မှာ ခွင့်ယူရင် ခရစ္စမတ်မှာထွက်ခွင့်ရမှာ မဟုတ်ဘူးလို့ ထင်ခဲ့မိပါတယ်။ ထွက်ခွင့်ရက် ပြောင်းလိုက်ပြန်ရင်လဲ နှစ်သစ်ကူးနေ့ ပွဲတော် စားရတော့မှ မဟုတ်ပြန်ဘူး။ အဲဒီလို ဖြစ်နေတာကို စဉ်းစားရင်း ကျွန်မ စိတ်မချမ်းမသာ ဖြစ်နေခဲ့ပါတယ်။ အဲဒါကို ဘုရားရှင်က ပစ်မထားပါဘူး။ ကျွန်မရဲ့ စိတ်မသက်မသာဖြစ်မှုကို အံ့သြဘွယ် ဖြစ်အောင် ပြင်ဆင်ပေးခဲ့ပါတယ်။

ကျွန်မ အတွက် ထူးခြားတဲ့ သတင်းတစ်ခု ရခဲ့ပါတယ်။ ၂၀၁၀ ခုနှစ် ပထမ အပါတ်မှာ အလုပ်ရှင် မိသားစု မလေးရှား သွားလည်ကြမယ်။ ကျွန်မပါ လိုက်ရမယ်လို့ သိခဲ့ရပါတယ်။ ကျွန်မလဲ ခွင့်ရက်ကို အရှုံးမခံဘဲ အလုပ်ရှင်ကို ကျွန်မ ခွင့်ရက် ပြောင်း ချင်တယ်။ ၂၅ ရက် ခရစ္စမတ်နေ့မှာ ဘုရားရှိခိုးကျောင်း သွားခွင့်ပေးပါလို့



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၀၇ ။ ဇူလိုင်လ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

တောင်းဆိုလိုက်ပါတယ်။ ကျေးဇူးတော်ကြောင့် သူတို့ ခွင့်ပေး ခဲ့ပါတယ်။ ဒါနဲ့ ခရစ္စမတ်ပွဲကြီးကို ကျွန်မပျော်ရွှင်စွာ ဆင်နွဲခွင့်ရခဲ့ပါတယ်။ နောက်တဖန် စုံစမ်း သိရှိရတာက မြန်မာလူမျိုးတွေအတွက် မလေးရှားသွားရင် ပြည် ဝင်ခွင့်ဗီဇာ လိုတယ်။ အခုရက်ပိုင်း လူသွားလူလာနဲ့ UN ကိစ္စတွေကြောင့် ၁၀ရက်လောက် ဗီဇာ ကြိုယူရတယ်လို့ သိခွင့်ရလိုက်တဲ့အချိန်မှာ ၄ရက်ဘဲ လိုပါတော့တယ်။ အဲဒါနဲ့ဘဲ မလေးရှားကို မလိုက်ဖြစ်ခဲ့ပါဘူး။ ကျွန်မ အရမ်း ဝမ်းသာတယ်။ ကျေးဇူးတော်လဲ ချီးမွမ်းပါတယ်။ ကျွန်မ ဘုရားရှိခိုးကျောင်းက လွဲပြီး ဘယ်မှ မသွားချင်ပါဘူး။ ဘုရားရှင်ဟာ ကျွန်မအတွက် အကောင်းဆုံး ပြင်ဆင်ပေးတယ်။ ကျွန်မ အနားမှာ ဘုရားရှင် အမြဲ ရှိနေတာကို ပိုပြီး ယုံကြည် ခဲ့ရပါတယ်။ ကျွန်မဟာ ၂၀၀၉ ခုနှစ် ခရစ္စမတ်ပွဲကို ပျော်ပျော်ရွှင်ရွှင် ဆင်နွဲရရုံမက ၂၀၁၀ နှစ်သစ် ပွဲတော်မင်္ဂလာကိုလဲ ပါဝင်ခွင့်ပေးတဲ့ ဘုရားရှင်ကို ကျေးဇူး တင်လို့ မကုန်မဆုံးနိုင်လောက်အောင် ခံစားခဲ့ရကြောင်း သက်သေခံ တင်ပြခြင်း ဖြစ်ပါတယ်။ သေးငယ်လွန်းတဲ့ ကိစ္စဖြစ်ပေမဲ့ ဆုတောင်းချက်ကို နားညောင်းပေးတဲ့ ကျွန်မတို့ ကိုးကွယ်တဲ့ ဘုရားဟာ အသက်ရှင်သော ဘုရား ဖြစ်ကြောင်းကို ယုံကြည်သူ သားသမီး အယောက်စီ သိစေချင်ပါတယ်။ ။ ချာလကာ

---

## ပထမဦးဆုံးဧဝံဂေလိ

*အရုံးဖုန်း*



ကြာတော့ကြာခဲ့ပါပြီ။ EP တင်ထားပြီးဘန်ကောက်ကို stay ထွက်ရှောင်စဉ် ဘန်ကောက်ကသင်းအုပ်ဆရာအိမ်မှာ ခိုလှုံခွင့်ရခဲ့တယ်။ သူလိုကိုယ်လိုပဲ stay ရှောင်တဲ့သူငယ်ချင်းများနဲ့အတူ ကျွန်တော်တို့အဖွဲ့ ဘာအလုပ်အကိုင်မှ မရှိပဲ အိပ်လိုက်စားလိုက် တနင်္ဂနွေဆို ဘုရားကျောင်း သွားလိုက်နဲ့ ဒီလိုပဲ အချိန်တွေကုန်ဆုံးနေခဲ့တယ်။ အဲဒီတုန်းက ကျွန်တော်တို့စက်ာပူ ယုဒသန် နှစ်ခြင်းအသင်းတော်ရဲ့ ဆရာဟာလည်း ဒီလိုပဲအတက်အဆင်းလုပ်ရတဲ့အချိန် သူလည်းပဲ အတည်တကျနဲ့ stay မရှိသေးပါ။ ဘန်ကောက်ကဆရာရဲ့အိမ်မှာ ကျွန်တော်တို့ အဖွဲ့တွေလည်း ကိုယ့်ကိုကယ်မမယ့် သူကိုမျှော်၊ ပါလာတဲ့ ပိုက်ဆံတွေလည်း တဖြည်းဖြည်းနဲ့ ကုန်လာကာ စက်ာပူက အလုပ်အကိုင် အတွက် ဖုန်းစောင့်ရတာလည်း ရင်တမမနဲ့၊ နောက်ဆုံးတော့ ဖုန်းသတင်း ကြားရတာက စက်ာပူကဆရာ stay လာရှောင်မယ်ဆိုတော့ ကျွန်တော် တို့တတွေ ဝမ်းသာလိုက် ကြရတာ သူရောက်လာတော့လေ ဘာပဲဖြစ်ဖြစ် သတင်းထူးလေးပဲ ကြားရ၊ သူ့ကိုအမှီပြုပြီး ဟင်းလျာကောင်းလေးများ စားရချည်သေးရဲ့ ဆိုတဲ့ အတွေးကိုယ်စီနဲ့ ကျွန်တော်တို့ကပွဲယများ အားကြိုးမာန်တက်ပဲ ဘန်ကောက်လေဆိပ်မှာ သွားကြိုကြတာပေါ့။ (တော်တော်ကို မတရားတာပါ stay ရှောင်ပါတယ်ဆိုမှ ကျွန်တော်တို့အဖွဲ့ကလည်း ပြုံးပျော်ပြီး အားရပါးရ သွားကြိုကြတာကိုး) အဲဒီတုန်းက အဖဆရာဟာ အိမ်ထောင် မကျသေးပါ။ ဆရာက ဟိုးအရင် မြန်မာပြည်မှာ ကတည်းက ဧဝံဂေလိလုပ်ရတာ တကယ်ဝါသနာပါတာ။

သူရောက်ပြီး ရက်အနည်းငယ် အကြာမှာပဲ ကျွန်တော်တို့အဖွဲ့ သူနဲ့အတူ ထိုင်းနိုင်ငံမှာရှိတဲ့ ချင်းမိုင်ဘက်က ကရင်ရွာတွေကိုသွားပြီး ဧဝံဂေလိ စတင်ထွက်ကြပါလေရော။ တကယ်ပဲ ဝေးလံခေါင်ဖျားတဲ့ ရွာတွေဖြစ်ပြီး ချင်းမိုင်မြို့ကနေ တဆင့်ပြီး တဆင့် ကားတစ်တန် ခြေလျင်တစ်တန်နဲ့ ပင်ပန်းပေမယ့် ဧဝံဂေလိ ထွက်ကြရတော့ ကြည်နူးစရာ တကယ်ကောင်းတယ်။ သူတပါးကို ဝေမျှရတာကိုး။ အထုပ်တွေ အပိုးတွေ ရွာတွေကိုရောက်ရင်ပေးဖို့ အဝတ်အစား၊ အစားအသောက်၊ ခေါက်ဆွဲခြောက်ထုပ်နဲ့ ဆရာစက်ာပူကယူလာတဲ့ ပစ္စည်း ပစ္စယတွေကို ထမ်းပိုးကြရင်း လမ်းလျှောက်ရတာ ကျွန်တော် မှတ်မိသလောက် မနက်စောစောက စထွက်တာ မွန်းလွဲ ၂နာရီကျော်လောက်မှ ရောက်တယ်။ ကျွန်တော်တို့ တတွေလည်း ခြေကုန်လက်ပမ်းကျ ကုန်တာပေါ့။ ရွာရဲ့ နာမည် တွေကိုတော့ မမှတ်မိတော့ပေမယ့် ခြေထောက် တကယ် ညောင်းတာကိုတော့ မှတ်မိသေးတယ်။

အဲဒီမှာ အမှတ်မထင်ပဲ အမေရိကန် သာသနာပြုဆရာတို့ ဇနီးမောင်နှံနဲ့ တွေ့ခွင့်ရခဲ့တယ်။ သူတို့ကအဲဒီရွာတွေမှာ သာသနာပြုလာတာ နှစ်ပေါင်းကို အတော်ကြာနေပြီ။ ကျွန်တော်တို့ကလည်းစက်ာပူကဆင်းလာကြတာဆိုတော့ စကားစမြည်ပြောကြရင်း မိတ်သဟာရဖွဲ့ကြတာပေါ့။ သူတို့ဇနီးမောင်နှံဟာ ကရင်ရွာတွေမှာ သာသနာပြုလာတာ ကြာပြီဆိုတော့ ကရင်စကားကို မွတ်နေအောင် ပြောတတ်တယ်။ စတွေ့တွေ့ချင်း ဆိုတော့ ကျွန်တော်လည်း အံ့သြသွားတာပေါ့။ အရပ်ရှည်ရှည် နှာခေါင်းချွန်ချွန် ရွှေရောင်ဆံပင်နဲ့လူတွေက ကရင်စကားပြောတတ်တယ် ဆိုတော့ ကရင်လို ဆုတောင်းတာမှ အရှည်ကြီးပဲ။ ဒါနဲ့ စကားစမြည် ပြောဆိုနေကြရင်းက ကျွန်တော့ ဘက်ကို လှည့်ပြီး အလုပ်အကိုင်အကြောင်း စက်ာပူနိုင်ငံရဲ့ အကြောင်းကို ကရင်လို မေးလိုက်တော့ ကျွန်တော်လေ တကယ်ပါပဲ “တော်တော် အသုံးမကျတဲ့ ငါပါလားလို့” ကိုယ့်ဟာကိုယ် ပြန်ပြောမိတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်က ကရင်စစ်စစ် ဖြစ်ပြီး ကရင်လိုနားလည်ပေမယ့် ပြန်ပြောတဲ့အခါ ဆီလျှော်အောင် မပြောတတ်တာကြောင့်လေ။ ကျွန်တော့်ဖခင်က နိုင်ငံတော် ဝန်ထမ်းတစ်ဦးဖြစ်ပြီး မြန်မာပြည် အနှံ့ လျှောက်ပြောင်းရွှေ့နေရတော့ သူနဲ့လိုက်ပါရင်း ကျွန်တော် တို့တတွေလည်း ဗမာစကားပြောတဲ့ အသိုင်းအဝိုင်းမှာပဲ ကြီးပြင်းလာတာကြာ တော့ ကရင်စကားကို နည်းနည်းပါးပါးလောက်ပဲ တတ်တော့တယ်။ ဒါပေမယ့် အတင်း ပြောရင်တော့ နားလည်လို့တော်သေးတယ်။ ကိုယ့်ကိုကိုယ်လည်း တော်တော်လေးကို ဒေါသဖြစ်မိတယ်။ ဒါနဲ့ပဲ အဲဒီဆရာတို့ လင်မယားကို မတောက် တခေါက် အင်္ဂလိပ် စကားလေးနဲ့ပဲ ဖြေလိုက်ရတာပေါ့။

အမှန်မှာက မိခင်ဘာသာစကားဆိုတာ တတ်ထားသင့်သလို အခြားဘာသာ စကားတွေကိုလည်း တတ်ထားရင် ပိုတောင် ကောင်းသေးတယ်။ ကွယ်လွန် သွားပြီဖြစ်တဲ့ ပုပ်ရဟန်းမင်းကြီး John Paul (II) ဆိုရင်ဘာသာစကားပေါင်း(၉)မျိုးကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဆိုရင် (၅)မျိုးကို ကောင်းကောင်း ပြောဆိုနိုင်တယ်။ တကယ်ပဲ အားကျစရာ အရမ်းကောင်းတယ်။ ကျွန်တော်ကတော့ ဟို မရောက် ဒီ မရောက် ကိုးလို့ကန့်လန့်နဲ့ ဒီအရွယ်ကြီးကျခါမှ “ခွေးကြီးမှ လက်ပေး စသင်ဆိုသလိုမို့” ဒီဘဝ ဒီမျှနဲ့ပဲ ရှိပါစေတော့ပေါ့။

ဒီလိုနဲ့ပဲ တစ်ရွာဝင် တစ်ရွာထွက် ပစ္စည်းတွေဝေ၊ မိတ်သဟာရဖွဲ့၊ ဝတ်ပြု စည်းဝေးတွေ လုပ်နဲ့ ရင်ထဲမှာ တကယ်ပဲဝမ်းသာကြည်နူး မိတယ်။ ကျွန်တော်က ခမ္မအမှုဆောင် မဟုတ်ပေမယ့် ဆရာတို့နဲ့ လိုက်ပါရင်း ဧဝံဂေလိ ထွက်ရတာ၊ သူတစ်ပါးကို ပံ့ပိုးကူညီ တည်ဆောက်ရတာကို ကြည့်ရင်း ဝမ်းမြောက်ရသလို ဆရာသမားတွေရဲ့ စိတ်ထဲမှဆိုရင် ဘယ်လောက်များ ပီတိဖြစ် ရမလဲ ဆိုတာ ကိုယ်စားခံစားမိတယ်။ ဘုရားသခင် ရွေးကောက်မှရသလို ဒီလိုစိတ်ထားမျိုး လူတိုင်းမှာရရှိဖို့ရန်လည်း မလွယ်ကူပါ။ ရွှံ့ဗွက်တွေ၊ ချောင်းတွေကိုဖြတ်၊ တစ်တောင်ဆင်း တစ်တောင်တက်နဲ့ အပြန်ခရီးကိုတောင် တွေးရင်းလန့်နေမိတယ်။ ဒါပေမယ့်လည်း အရမ်းကိုဆင်းရဲကြတဲ့ သူတို့တွေရဲ့ ရိုးသားဖြူစင်မှုတွေ၊ လိုလားမှုတွေကိုတွေ့ရပြန်တော့ အခိုက်အတန့်တစ်ခုအထိ စက်ာပူကို ပြန်ရဖို့အရေးနဲ့ အလုပ်ရ မရဆိုတာကိုတောင် ခေါင်းထဲမှာ မထားနိုင်တော့ဘူး။

သူတို့အတွက် ညှော်သည်ဆောင်တာ ဆိုတာကလည်း ထူးထူးဆန်းဆန်း ဖြစ်နေကြတာကိုး။ ကျွန်တော်တို့တွေကိုလည်း ရုပ်ရှင်မင်းသားများလိုပဲ ဟိုကချောင်းကြည့် ဒီကချောင်းကြည့်နဲ့ ကိုယ့်ကိုယ်ကို စတားဖြစ်မှန်း တောရောက်မှပဲ သိတော့တယ်။ ပထမရက် အိမ်ထောင်မိသားစု အစည်းအဝေးများနဲ့ နောက်တစ်ရက် တနင်္ဂနွေနေ့ဆိုတော့ ဘုရားကျောင်းမှာဝတ်ပြုအစည်းအဝေးမှာ ကျွန်တော်တို့ ဆရာကပဲ ကရင်လို ဟောပြော ဆုတောင်းဦးဆောင်ကာ ကျွန်တော် ကတော့ဖြင့် ခေါင်းတညိတ်ညိတ် ခေါင်းတခါခါနဲ့ လုံးစေ့ပတ်စေ့ နားလည် သလိုလို ဘာလိုလိုနဲ့ ရှေ့ဆုံးမှာ ခပ်တည်တည်ပဲ ထိုင်နေခဲ့တယ်။



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၀၇ ။ ဇူလိုင်လ ၂၀၁၀ ခုနှစ်၊ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ဆိုးတော့ မဆိုးဘူး ဘုရားကိုချစ်တတ်သူတွေ ပီပီ တော်တော်များများ ဘဲလာကြ ပါတယ်။ ဝေးလံ ခေါင်ဖျားတဲ့နေရာ ဖွံ့ဖြိုးတိုးတက်မှုကလည်း မရှိတော့ ညှော့သည် သွားလုပ်ရတာလည်း အခက်သား။ ရေချိုးတော့ အိမ်နဲ့ ခပ်လှမ်းလှမ်း မှာရှိတဲ့ စမ်းချောင်းမှာ သွားပြီးချိုးရသလို အိမ်သာတက် ပြန်တော့လည်း ခြုံထဲကို အဖော်နဲ့တိုးရပြန်ရော။ အပေါ့သွားဖို့က ကိစ္စ မရှိပေမယ့် အလေး သွားဖို့ရာ ကျတော့ တကယ့်ကိုပြဿနာ။ ညဘက်ကိုရွေးပြီး အဆင်ပြေတဲ့ နေရာကို ရှာကာ လက်တစ်ဖက်ကခြင်ကိုပုတ်ရပြီး နောက်လက်တစ်ဖက်က ဓါတ်မီးနဲ့ အဖော်လိုက်ပေးတဲ့သူ ဘယ်မှမသွားရလေအောင် ခဏခဏ အချက် ပြပြီး ထိုးကြည့်ရသေးတယ်။ အကြာကြီး ဇိမ်ခံနေလို့လည်း မဖြစ်သေးဘူး။ ကိစ္စ ပြီးတာနဲ့ မြန်မြန်ရှင်းလင်း မြန်မြန်ပြန်ထွက်လာပေါ့။ တော်ကြာ ကိုယ့်ကို အဖော် လုပ်ပြီး လိုက်လာတဲ့သူက စိတ်မရှည်ပဲ အိမ်ပေါ်ပြန်တက်သွားမှာကိုလည်း ကြောက်ကြောက်နဲ့ စိုးရိမ်နေရသေးတယ်။ ပင်ပန်းတဲ့အရှိန်နဲ့ အိပ်ရတဲ့ အချိန်ကျ တော့ တောင်ပေါ်ဒေသမို့ ချမ်းချမ်းစီးစီးနဲ့ အဲယားကွန်းမလိုပဲ နှစ်ခြိုက်စွာ အိပ်ပျော် နိုင်ခဲ့တယ်။ ဆိုးတော့မဆိုးဘူး ဆင်းရဲကြပေမယ့် ဘုရားသခင် အလကား ပေးထားတဲ့ ဖရီးအဲယားကွန်းတော့ လူတိုင်းရကြတယ်။

မနက်စောစော ပြန်ကြမယ်လို့စီစဉ်ကြပြီး တည်းခိုတဲ့အိမ်မှာပဲ အဆာ ခံနိုင်အောင် မနက်စာကို စားသောက်ကြတာပေါ့။ အညိုရောင် ပေါက်နေတဲ့ ထမင်းရယ်၊ ငပိရည်ကျဲ တို့စရာနဲ့ သူတို့အတွက်ယူလာပေးတဲ့ ခေါက်ဆွဲခြောက် ထုပ်ကိုပဲ ဟင်းချိုအဖြစ်လုပ်ထားတာတစ်ခွက်ပါ။ မနက် အစောကြီးဆိုတော့ တစ် ပန်းကန် လောက်ကို မနည်းကြိုးစားယူရမှာဖြစ်ပြီး အိမ်ရှင်တွေ စိတ်ကောင်း အောင်တော့ "ဟဲ ဟဲ စားလို့ကောင်းတယ်ပေါ့။" တကယ်ပဲ ဆင်းရဲကြတဲ့ ဘဝ တွေပါ။ ကြိုးစားပြီးစားလို့ တစ်ဝက်လောက်မှာ တခြားအိမ်က လူ တစ်ယောက် ရောက်လာပြီး ကျွန်တော်တို့ကို ထမင်းစားလာဖိတ်ပြန်ရော။ အဲဒါမှ တကယ့် ပြဿနာ။ မသွားလို့ကလည်းမကောင်း၊ မစားပြန်ရင်လည်း ရပ်ရွာ ဓလေ့ အိမ်ရှင်များ စိတ်မကောင်းဖြစ်ကြမှာမို့ စားပြီးပြီးချင်းပဲ နောက် တစ်အိမ်ကို ကူးကြရပြန်တယ်။ တခြားကျွေးစရာဆိုလို့ ဘာမှမရှိတာ၊ ပြင်ဆင် ထားတာ တွေကလည်း ခပ်ဆင်ဆင်တွေရယ်။ ဘာမှမထူးဘူး ထုံးစံ အတိုင်း ငါးပိရည်ကျဲ တို့စရာနဲ့ ကြုံပြန်လေရော။ ကျွန်တော်တို့တွေလည်း စားနိုင် သလောက်တော့ အိမ်ရှင်တွေ စိတ်ကောင်းအောင် ရေနွေးကြမ်းနဲ့ကူပြီး မျောချရ တာပေါ့။ ဒီလိုပဲ စားနေစဉ် နောက်ထပ် တစ်အိမ်ကပါ လာခေါ်ပြန်လေရော။ ဟဲ ဟဲ ဒီတစ်ခါတော့ မရတော့ဘူး sorry ပဲပေါ့၊ ဗိုက်တွေလည်း ပြည့်နေပြီ၊ အချိန်လည်း မရှိတော့ဘူး၊ ကျေးဇူးလည်း အရမ်းတင်တယ် ဘာညာနဲ့ဆရာက တတ်နိုင် သလောက် ငြင်း ကြည့်ပါသေးတယ်။ မရပြန်ဘူး။

ဒီလိုနဲ့ တတိယအိမ်ကို ပါသွားကြပြန်တယ်။ အဲဒီ အိမ်ကျတော့ ၄၊ ၅လုပ်သာ စားနိုင်ကြပြီး နှုတ်ဆက်ကာ အပြန်ခရီးကို စတင်ကြ ပါတော့တယ်။ တကယ်ပဲ ရိုးသားပြီး စေတနာစိတ်ထက်သန်တဲ့ ရွာသားတွေကို ကြည့်ရင်း ခရီး စဉ် အတွက် ပင်ပန်းခဲ့ကြရပေမယ့် တကယ်ပဲ ကြည်နူးခဲ့ကြရတာတော့ အမှန်၊ ခြားနား လှတဲ့ဘဝတွေကိုတွေ့ရတော့ စိတ်ထဲမှာမကောင်း၊ ဒါပေမယ့်လည်း အနေ ဝေးနေကြတဲ့ ယုံကြည်သူ ခရစ်ယာန် မောင်နှမချင်း ပြန် လည် ဆုံတွေ့ ရတော့ စိတ်ထဲမှာ ဖေါ်ပြမတတ်အောင်ပါပဲ။ ကိုယ်တင်ထားတဲ့ EP တောင် ဘယ်ကိုရောက်သွားမှန်းတောင်မသိဘူး။ ဘုရားသခင် အဖြေပေးပါတယ်၊ ကျွန် တော် EP ကျလို့စက်ာပူကို ပြန်လာနိုင်ခဲ့ပြီး ဆရာက နောက်မှ ပြန်လာ နိုင်ခဲ့တယ်။ ကျွန်တော့်ရဲ့ ပထမဦးဆုံးဧဝံဂေလိ ခရီးစဉ်ဖြစ်ပြီး ချစ်စရာကောင်းတဲ့ သူတို့ရဲ့ ဓလေ့၊ ညှော့သည်တွေကို ထမင်းခေါ်ကျွေးတတ်တဲ့အကျင့်တွေကြောင့် ၃အိမ် ဆက်တိုက် ထမင်းစားခဲ့ကြရတယ်။ ပျော်လည်းပျော် အတွေ့အကြုံလည်းရ အမှတ်တရလည်းဖြစ်ခဲ့တဲ့ ကျွန်တော့်ရဲ့ ပထမဦးဆုံး ဧဝံဂေလိခရီးစဉ်နဲ့ ဖြူစင်တဲ့ ရွာသားတွေရဲ့ အကြောင်း တွေကို တစ်ခါတစ်ခါ ပြန်စဉ်းစားရင်း ရင်နင့်ခဲ့ရတယ် ဆိုတာထက် ဗိုက်လည်း တင်းခဲ့ရတယ်။ အကယ်၍များ နောက်ထပ် တစ်အိမ်ကပါ ထပ်ခေါ်ရင်တော့ ကျွန်တော်တို့ ပြန်ဖြစ်တဲ့ဆီကိုတောင် ရောက်မှာ မဟုတ်တော့ပဲ အဲဒီရွာမှာပဲ နောက်ထပ် တစ်ညထပ်အိပ်ရဦးမှာ သေချာတယ်။ ဗိုက်တွေတင်းပြီး လမ်းပြန် မလျှောက် နိုင်ကြတော့လို့လေ။ ။ အရုံးဖုန်း

## အသက်တာ ရှည်၍ပြည်တော်၌ကောင်းစားလိုလျှင် (မာရာနသာ နီနီခိုင်)

ဖခင်များနေ့မှာ ဖခင်အကြောင်း အနည်းငယ် ရေးသားလိုပါတယ်။ စာဖတ်သူ အမျိုးသားများဟာ တစ်ချိန်ချိန်မှာ ဖခင်ဖြစ်လာမဲ့ ဖခင်လောင်းများ ဖြစ်နိုင်သလို တစ်ချို့ကလဲ ဖခင်ဖြစ်ပြီးသားများပဲ ဖြစ်ပါတယ်။ ဖခင်လို့ ပြောတော့ မိခင်လည်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက ဖခင်နဲ့ မိခင်ကို တွဲပြီး မိဘလို့ ရေးတတ်ကြပါတယ်။ မိဘလို့ အခေါ်ခံရတဲ့ လူတိုင်းဟာ ကိုယ် မွေးထား တဲ့ သားသမီးများကို ကိုယ့်ရဲ့ စကားကိုနားထောင်ရန် အလိုရှိတဲ့ အတွက်ကြောင့် နှုတ်ကပါတ်တော်က "သင့်ကိုဖြစ်ဘွားစေသော အဘ၏ စကားကို နားထောင် လော့၊ အသက်ကြီးသော အမိကို မထီမဲ့မြင်မပြုနှင့်"သုတ္တံ ၂၃း၂၂။ ကိုယ် မွေးထားတဲ့ သားသမီးတွေ ကိုယ့်စကား နားမထောင်တာ၊ ကိုယ့်ကို မထီမဲ့မြင် ပြုတာဟာ ကိုယ်ကိုယ်တိုင်က ဘုရားရဲ့ စကားကို နားမထောင်လို့ လို့ ပြောထား ပါတယ်။

"မိုက်သောသူသည် အဘဝမ်းနည်းစရာ အကြောင်း၊ မွေးသောအမိ စိတ်ညစ်စရာ အကြောင်းဖြစ်၏"သုတ္တံ ၁၇း၂၅။ ရှောလမုန်မင်းကြီးဟာ သုတ္တံ ကျမ်းထဲမှာ ငယ်စဉ်က ကလေးကို ဘယ်လိုဆုံးမသင့်သလဲ၊ အသက်ကြီးရင် ဘာဖြစ်သလဲ ဆိုတာကို အသေးစိတ် ရေးထားပါတယ်။ သခင်ယေရှု ဥပမာ ပေးခဲ့တဲ့ သားအဖ သုံးဦးအကြောင်းကို လူတိုင်းက သိပါတယ်။ လူတော်တော် များများဟာ သားငယ်အကြောင်းကိုပဲ ပြောတတ်ပါတယ်။ ကိုယ် မွေးထားတဲ့ သားသမီး များထဲမှာ လိမ္မာသူ ရှိသလို ဆိုးသောသူလည်း ရှိပါတယ်။ သားအဖ သုံးယောက် ပါဝင်သော မိသားစုဘဝမှာ သားအကြီးဟာ မိဘစကား နား ထောင်တယ်၊ လိမ္မာတယ်၊ ဖခင်ရဲ့ အလုပ်တွေကို အကုန်လုပ်ပေးတယ်၊ ဖခင် အပေါ်မှာ နားလည်မှုရှိ၍ စာနာတတ်သော သားတစ်ယောက်ကို ပိုင်ဆိုင်ရပြီး ဖခင်ရဲ့ မျက်နှာသာ ပေးခြင်းကို မခံရပါ။ ကျန်သားငယ်ကိုတော့ လိုသမျှပေး၊ တောင်း သမျှပေး၊ အပေါင်းအသင်းများနဲ့ ဒုစရိုက်ကျူးလွန်ပြီး အဖေ့ဆီမှာ ကမ်းကုန်အောင် ဆိုးလို့ မဝသေးပဲ အဖေ မသေခင်မှာ သူရပိုင်ခွင့် အမွေကို ခွဲပေးဖို့ တောင်းခဲ့တယ်။ အဖေကလည်း ချစ်တဲ့ဇောနဲ့ အပြစ်မမြင်ပဲ သားငယ် ရပိုင်သမျှကို ပေးလိုက်တယ်။ ဖခင်ဟာ သားကြီးကို ခွဲပေးရမယ့် အမွေတွေနဲ့ပဲ ကျန်ခဲ့တော့ သားငယ်ဟာ ဘာမျှထပ်၍ ခံစားခွင့် မရှိတော့ပါဘူး။

သားငယ်ဟာ ဥစ္စာများကို ယူပြီး ကာမဂုဏ်၌ လွန်ကျူးသောအားဖြင့် ဥစ္စာဖြုန်းတီး၍ ရှိသမျှ ကုန်သောအခါ သူများဆီမှာ အခစား အလုပ်သမားအဖြစ် ဝင်လုပ်ပြီး သူ ကျောင်းတဲ့ဝက်ရဲ့ အစာကိုတောင် စားချင်မတတ်ဖြစ်ပြီး အစာ ငတ်နေတယ်။ ဘယ်သူမှ အစာ မကျွေးဘူး။ သူက ဒီလို ဥစ္စာ ကုန်ဆုံးနေတဲ့ အချိန်မှာ အစ်ကို ဖြစ်သူက အလုပ်ကိုကြိုးစားလုပ်၍ ကြွယ်ဝနေတာပေါ့။ သားငယ်ဟာ အဖေ့ကို သတိရပြီး အဖေ့ဆီကို ပြန်သွားတော့ အဖေက ဝမ်းသာ အားရနဲ့ကြိုဆို၊ အကောင်းဆုံး အဝတ်၊ အကောင်းဆုံး လက်စွပ်၊ ဒါတင် မက သေးဘူး ပျော်ပွဲ ရွှင်ပွဲပါ လုပ်ပေးဖို့ တန်ဖိုးအရှိဆုံး နွားကိုသတ်ပြီး ကျွေးမွေး ညှော့ခံပါတယ်။ တောင်ယာက ပြန်လာတဲ့ အစ်ကိုဟာ မောမောပန်းပန်းနဲ့ ဆူညံသံ ကြားလို့ သူများကို မေးကြည့်တော့ သူ့ညီ ပြန်ရောက်၍ အကောင်းဆုံး နွားကို သတ်၍ ပွဲကျင်းပ ကြောင်းသိခဲ့ရပါတယ်။ စိတ်ဆိုးပြီး အိမ်ထဲကို မဝင်ပဲနေတယ်။ ဖခင်က သွားချော့တော့ အဖေကို စကားနာ ထိုးပါတယ်။ သူကျတော့ အဖေ့ရဲ့စကားကို နားထောင်တယ် အဖေက ဒါဆိုရင် ဒါပဲလုပ်တယ်၊ သူ့အတွက်ကျတော့ ဆိတ် ကလေး တစ်ကောင်တောင် မသတ်ပေးပါဘူးဆိုပြီး သူတအား ဝမ်းနည်းမှာပဲ။ ဒီအချိန်မှာ ဖခင်ဟာ သားနှစ်ယောက်ကြောင့် ဝမ်းနည်းစရာ အကြောင်းဖြစ်ပြီး တစ်သက်လုံး ဖခင်ကို ရိုသေ လာသော သားကြီးရဲ့ မထီမဲ့မြင်ပြုခြင်းကိုလည်း ခံရပါတယ်။ ဒါဟာ ဖခင်ရဲ့ အမှားပဲ ဖြစ်ပါတယ်။ ဖခင်ဖြစ်ရဲ့သားနဲ့ မျှတမှု မရှိပဲ တဘက်သတ်ဆန်ပြီး ချစ်သော သား၍ယ်ကို အစွမ်းကုန် ပေးလိုက်တာပဲ ဘာမျှ မစဉ်းစားပါဘူး။ အလိုလိုက်မှုကို အခွင့်ကောင်းယူသောသားငယ်နှင့် ဖိနှိပ်မှု ခံရပါများတော့ ပေါက်ကွဲတဲ့ သားကြီး။ ကိုယ့်သားသမီးကို ဘယ်လို သားသမီးမျိုး အဖြစ်ခံမလဲ။

ဒီပြဿနာဟာ ယနေ့သားသမီးနဲ့မိဘကြုံတွေ့နေရတဲ့ အခက်အခဲ ဖြစ်ပါတယ်။ ဘုရားသခင်ဖြစ်စေလိုတာက "သင်၏ဘုရားသခင် ထာဝရဘုရား



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၀၇ ။ ဇူလိုင်လ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ပေးသနား တော်မူသောပြည်၌ သင်၏အသက်တာရှည်မည်အကြောင်း သင်၏ မိဘကို ရိုသေစွာပြုလော့”ထွက် ၁၉း၁၂။ ဘုရားသခင်က မိဘကို ရိုသေတတ်စေဖို့အတွက် ကလေးများကို အမိက သွန်သင်ခိုင်းတဲ့ အရာကတော့ “ငါတို့၏ ဘုရား သခင် ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏။ သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်း သတ္တိရှိသမျှနှင့် ချစ်လော့၊ ယနေ့ငါမှာထားသော စကားကို နှလုံးသွင်းရမည်။ ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီးသွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည် ဖြစ်စေ ထိုစကားကို ပြောရမည်”တရား ၆း၄–၇။ ဘုရားသခင် တစ်ဆူတည်း ရှိပြီး သူ့ကို ကြောက်ရွံ့တတ်စေဖို့ ဘုရားရဲ့စကားကို နားထောင်တတ်မှ အသက်ကြီးသော အမိကို မထိမဲ့မြင် မပြုမှာမို့ ဘုရားသခင်က မိဘများကို ကြိုးစား၍ သွန်သင်ခိုင်းတာ တွေ့ရပါတယ်။

တစ်ခါတုန်းက မြို့တစ်မြို့မှာ ဆရာဝန်တစ်ဦးရှိတယ်။ သူဟာ ယုံကြည်သူ ဖြစ်၍ သူ့မှာ သား၅ယောက် သမီး၂ယောက်ရှိပါတယ်။ သူ့ရဲ့ သားသမီးများကို နှုတ်ကပါတ်တော်ကို ဘယ်လိုလေ့လာစေသလဲဆိုရင် ကျောင်းမှ ပြန်လာရင် ကျမ်းတစ်ပုဒ် နှစ်ပုဒ်ကို သားသမီးများအား ရေးထားပေးပါတယ်။ တစ်ပုဒ်က အင်္ဂလိပ်လို၊ တစ်ပုဒ်က ကရင်လို ဖြစ်ပါတယ်။ ကရင်လို အပုဒ်ကို အင်္ဂလိပ်လို ပြန်ရ၍၊ အင်္ဂလိပ်လိုကို ကရင်လိုပြန်၍ ရေးခိုင်းပါတယ်။ အလုပ်တာဝန် များကိုလည်း အကြီးအငယ်မရွေး ခွဲဝေပေးပါတယ်။ သားသမီးများ ကြီးလာ တဲ့အခါ အထူးကုဆရာဝန် ၃ဦးဖြစ်၍ ၃ဦးမှာ အင်ဂျင်နီယာ၊ ကျန် တစ်ဦးမှာ အထက်တန်းကျောင်းအုပ်ဆရာမ အဖြစ် အသီးသီး ဘုရားသခင် ချီးမြှောက် ခဲ့ပါတယ်။ “ကြိမ်လုံးနှင့်ရိုက်ခြင်း၊ နှုတ်နှင့်ဆုံးမခြင်းအားဖြင့် ပညာ တိုးပွားတတ်၏။ တတ်တိုင်း နေစေသောသူငယ်သည် အမိကို အရှက်ခွဲတတ်၏” သုတ္တံ ၂၉း၁၅။ သူတို့ လေးတွေရဲ့ ဝိညာဉ်ပိုင်းဆိုင်ရာ၊ လောကပိုင်း ဆိုင်ရာ ပညာ တိုးပွား စေဖို့ အတွက် ချိုသာစွာနှုတ်နှင့်တစ်မျိုး၊ ရိုက်၍ တစ်မျိုး ဆုံးမ နိုင်ပါတယ်။ ကလေးက လုပ်ချင်တာလုပ်၊ ဘာမျှမပြောပဲနေမယ်ဆိုရင်၊ မြှောက်စား ပေးထားမယ် ဆိုရင်“သားသမီးမကောင်း မိဘခေါင်း” သူ့ရဲ့အဖေ အမေက ဘယ်သူလဲ လို့ပဲ မေးတတ်ကြပါတယ်။ သားသမီး မကောင်းတာနဲ့ မိဘခေါင်း ဘာကြောင့် ရောက်ရသလဲဆိုရင်တော့ လက်ဦးဆရာ မိနဲ့ဘ ဖြစ်လို့ပါပဲ။ ဆရာတစ်ပါးက Father’s day မှာမိဘကို မကျွေးနိုင်ရင်နေ၊ စိတ်ဆင်းရဲအောင် မလုပ်နဲ့၊ တန်ဖိုးရှိရှိမရှိရှိ မိဘကို အသိအမှတ်ပြုတဲ့အနေနဲ့ လက်ဆောင်ပေးပါတဲ့။ သူတို့ရဲ့ ဝမ်းသာပီတိဟာ ဘယ်အရာနဲ့မှ မလဲနိုင်ဘူးတဲ့။ မိဘမွေးနေ့ကို သိအောင် လုပ်ပါ၊ မွေးနေ့လက်ဆောင်ပေးပါ၊ မွေးနေ့ပွဲ လုပ်ပေးပါ။ နှုတ်ကပါတ်တော်၂ပုဒ်ကို လေ့လာကြည့်ရင် “မိဘကို ရိုသေစွာ ပြုလော့။ ဤပညတ်တော်သည်ကား သင်သည် ပြည်တော်၌ အသက်တာရှည်၍ ကောင်းစားမည့် အကြောင်း” “အကြင်သူသည် မိဘကို ကျိန်ဆဲ၏။ ထိုသူ၏ မီးခွက်သည် ထူထပ်သော မှောင်မိုက်၌ သေလိမ့်မည်”သုတ္တံ ၂၀း၂၀။ မိဘကို ရိုသေသော သူရဲ့ အနာဂတ် အသက်တာနဲ့ မိဘကို ကျိန်ဆဲသော သူရဲ့အနာဂတ်ကို နှုတ်ကပါတ်တော်က ယှဉ်တွဲ၍ ဖော်ပြထားပါတယ်။ စာဖတ်သောသူ အားလုံး အသက်တာမှာ ပြည်တော်၌ ကောင်းစား၍၊ အသက် တာ ရှည်၍ သာယာချမ်းမြေ့သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ။ ။ *(မာရာနသာ နီနီခိုင်)*

ယောက်နဲ့ ကျွန်မရဲ့ အောက်မှာ မောင်လေးတစ်ယောက် ညီမလေး တစ်ယောက်ရှိပါတယ်။ အစ်မကြီးနှစ်ယောက်က တနယ်တကျေးမှာ အိမ်ထောင်ရက်သားကျကြတော့ ဖေဖေ့အနားမှာ ကျွန်မတို့ မောင်နှမ လေးယောက်ပဲ ကျန်ရှိကြပါတယ်။ ဖေဖေဟာ မြန်မာနိုင်ငံသားဖြစ်ပေမယ့် ဗမာစကား သိပ်ပြီးကျွမ်းကျင်စွာ မပြောတတ်ခဲ့ပါဘူး။ ဒါပေမယ့် ကျွန်မဖေဖေ့ကို မချီးကျူးပဲမနေနိုင်ဘူး။ ဘာကြောင့်လည်းဆိုရင် လူမှုရေးကဏ္ဍ၊ ဘာသာရေးကဏ္ဍတွေမှာ သူအမြဲပါလေ့ရှိတယ်။ ဘယ်လိုအခက်အခဲပဲ ဖြစ်ဖြစ် ရှေ့မှာ ကားကွယ်ပေးတတ်တဲ့ ဖေဖေ့ရဲ့ ကြီးမားမေတ္တာပါ။ ဖေဖေက ကျွန်မတို့မောင်နှမ အားလုံး ဘွဲ့ရပညာတတ်ကြီးတွေ ဖြစ်စေချင်ခဲ့တယ်။ ဒါပေမယ့် ကျွန်မတို့ မောင်နှမတစ်တွေက ဖေဖေ့ရဲ့ဆန္ဒကို အကောင်အထည် မဖော်ပေးနိုင်ခဲ့ကြဘူး။ ဖေဖေ့ရဲ့ မရိုးနိုင်တဲ့ စကားလေးက “ငါ့ရဲ့ သားသမီးတွေကို ဥစ္စာအမွေ၊ ပညာအမွေ ဘာအမွေ မှ မပေးနိုင်ပါလား” ဆိုပြီး ယူကြုံးမရ ဖြစ်နေခဲ့ရှာတယ်။ ဖေဖေက သူ့ကိုယ်သူ ဘာမှ သားသမီးတွေကို မပေး နိုင်ခဲ့ဘူးလို့ ထင်ခဲ့ပေမယ့်၊ ကျွန်မတို့ မောင်နှမအားလုံး ဖေဖေ့ဆီမှ အမွေ ထူး ရရှိခဲ့ကြတယ်။ အများနဲ့မတူတဲ့ အမွေ ဖြစ်တယ်လို့ ကျွန်မ ခံယူလျက်ကျေနပ် ကြည်နူးလို့ မဆုံးနိုင်ဖြစ်ရပါတယ်။ ဘာအမွေလဲဆိုရင် မွန်မြတ်လှတဲ့ ဖေဖေ့ရဲ့ နှလုံးသား၊ ကိုယ့်မှာ ဘာမှမရှိပေမယ့် အကူအညီ လိုအပ်သူတွေကို အမြဲကူညီ ဖေးမချင်တဲ့ စိတ်ဓါတ်၊ သနားကြင်နာတတ်တဲ့ နှလုံးသား၊ အဆိုးဖက်က မမြင်ပဲ အကောင်းဖက်က ကြည့်မြင်တတ်တဲ့ စိတ်နှလုံးမျက်စိ၊ ပေးကမ်း စွန့်ကြဲချင်တဲ့ လက်ကလေးတစ်စုံ၊ ဖွဲ့မလျော့တတ်တဲ့ စိတ်၊ မိသားစုအရေးမှာ နောက်မဆုတ်တတ်တဲ့ ခြေထောက်လေးတစ်စုံ၊ ဘာသာတရား ကိုင်းရှိုင်းပြီး ထာဝရဘုရားကို ယုံကြည်တဲ့ လှပတဲ့စိတ်နှလုံး။ စသည်ဖြင့် ဖေဖေ့ဆီမှ လှပတဲ့ နှလုံးသား အမွေကို ကျွန်မတို့မောင်နှမတစ်တွေ ရရှိခဲ့ကြပါတယ်။

ဖေဖေ့ရဲ့ ထာဝရ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်မှုကြောင့် ဝိညာဉ်ရေးရာမှာလည်း ကျွန်မတို့ မောင်နှမတစ်တွေ စိတ်ချရတဲ့ တည်ငြိမ်ခြင်း တစ်နေရာကို ရရှိခဲ့ကြပါတယ်။ ဖေဖေက စကားလေးတစ်ခွန်းကို တနင်္ဂနွေ နေ့တိုင်း မိသားစုဝတ်ပြု အစီအစဉ်မှာ အမြဲ ပြောလေ့ရှိတယ်။ မောင်နှမအားလုံး မိဘ စကားကိုနားထောင်ပြီး ချစ်ချစ် ခင်ခင် စည်းစည်းလုံးလုံး နေကြခြင်းဟာ ထာဝရ ဘုရားသခင်ရဲ့ အလိုတော် ဖြစ်တယ် တဲ့။ နောက်ပြီး မောင်နှမတွေထဲက တစ်ယောက်ယောက် ဒုက္ခကြုံတွေ့ ခဲ့ရင်ဖြင့် ကျန်တဲ့လူတွေက ကူညီရမယ်ဆိုတဲ့ ဖေဖေ့ ဩဝါဒစကား။ ဖေဖေ့ရဲ့ ချစ်ခြင်း၊ မိသားစုအပေါ်မှာ ထားတဲ့ကြီးမားမေတ္တာ၊ သားသမီးတိုင်း အပေါ်မှာ ထားခဲ့တဲ့ ဖေဖေ့ရဲ့ မျှော်လင့်ခြင်း နေရောင်ခြည်၊ ထာဝရ ဘုရားသခင် အလိုတော်နှင့် ကိုက်ညီအောင် သွန်သင်ဆုံးမခဲ့တဲ့ စကားသံ၊ ရောက်ရှိတဲ့ နေရာတိုင်းမှာ ကြုံတွေ့ရတဲ့အရာမှာ ပညာရှာတတ်ဖို့ အမြဲဆုံးမခဲ့တဲ့ သံသာယာ ကလေးများ၊ ဖေဖေလူ့လောကကြီးထဲမှာ မရှိတော့ပေမယ့် ဖေဖေ့ ရဲ့မေတ္တာ ရင်ငွေ့ကလေးတွေဟာ ကျွန်မတို့ မောင်နှမအားလုံးရဲ့ နှလုံးသားမှာ နွေးနွေး ထွေးထွေး သင်းပျံ့လျက် ရှိနေဆဲဆိုတာ တစ်ဘဝ ခြားပြီး တစ်နေရာလေးမှာရှိနေတဲ့ ဖေဖေ သိမြင်ခဲ့ရင် ကျေနပ်မယ်လို့ ကျွန်မတို့ မျှော်လင့်လျက်ပါ ချစ်ဖေဖေရယ်။ ။(ဖခင်များနေ့အထိမ်းအမှတ်။ မလုံလောက်စွာ ရေးဖွဲ့လိုက်ရတဲ့ ဤစာစောင် လေးဖြင့် တစ်ဘဝခြားပြီး ဖြစ်တဲ့ ဖေဖေ့ရဲ့ သားသမီးအပေါ် ထားတဲ့ ချစ်ခြင်းမေတ္တာ ကို ဂါဝရပြုလိုက်ပါရစေ အချစ်ဆုံးဖေဖေရယ်။) ကျေးဇူးတော်မြတ်၌ – F-Penny (mizo)

---

## ဖေဖေ့မေတ္တာ ရင်ငွေ့လေး F-Penny (mizo)

ဖေဖေ့ရဲ့ မေတ္တာဟာ မရေတွက်နိုင်လောက်အောင် ကျွန်မတို့ မောင်နှမ အပေါ်မှာ ကြီးမားလွန်းလှပါတယ်။ ဖေဖေ့ရဲ့ သားသမီး အပေါ်မှာထားတဲ့ မေတ္တာကို အခုအချိန်မှာ ပြန်စဉ်းစားရင်ဖြင့် ထင်ရှားပေါ်လွင်လှပါတယ်။ ဖေဖေဟာ (၆.၉.၂၀၀၉) နံနက် ၅နာရီမှာ ခေါ်တော်မူခြင်း ခံခဲ့ရပါတယ်။ ဤဖြစ်ရပ် ဖြစ်စဉ်ကို မယုံကြည်နိုင်၍ ယူကြုံးမရစွာ ကျွန်မ ခံစားရစမြဲပါ။ နိုင်ငံရပ်ခြား ရောက်နေတဲ့ ကျွန်မရဲ့ အဖြစ်ကိုလည်း မကျေမနပ်ဖြစ်နေဆဲပါ။

ဖေဖေ့မှာ သားသမီး ၆ယောက်ရှိပါတယ်။ သမီး၄ယောက် သား၂ယောက် ဖြစ်ကြပါတယ်။ ကျွန်မရဲ့ အထက်မှာ အစ်မနှစ်ယောက် အစ်ကို တစ်

---

## “ဖေလာဘာမျက်ရည်” candlelight . 25




သူများတကာလို ၊ ပစ္စည်းဥစ္စာမရှိပါလည်း
ထာဝရသက် ပိုင်ဆိုင်လျှက်ထား ၊ ဤကျေးဇူးစကား
လောကတခွင် ရှိသမျှတွင် ၊ တန်ဖိုးရှိဆုံး သိနေဦးတော့
တစ်ခါတစ်ရံ ၊ ပြစ်သား ကျွန်ုပ် စိတ်ယုတ်ဝင်လာ
အားငယ်ကာဖြင့် ရင်မှာ နွမ်းလျ
မျက်ရည်စနဲ့ တမ်းတမိတယ်၊ သခင်ရယ်...
(ငါ့ကျေးဇူးသည် သင့်အဖို့လောက်ပေ၏။ ငါ့တန်ခိုးသည် အားနည်းခြင်းအဖြစ်၌ စုံလင်တတ်သည်ဟု မိန့်တော်မူ၏။ ) (၂ကော ၁၂း၉)

နိုင်တဲ့ အလွမ်းနာကတော့ ကျွန်တော့်ရဲ့ တောက်ပတဲ့ နေ့ရက်တွေကို အရိပ်မဲကြီး တစ်ခုလို လွှမ်းမိုးသွားပြီလေ။ ပျော်ရွှင်သော နှစ်သစ်ဟာ အခုတော့ ဝမ်းနည်းသော နှစ်သစ် ဖြစ်ရပြီကော့။ သူငယ်ချင်းတွေနဲ့ အဖြေရှာတယ်။ မတွေ့ဘူး။ နောက်ဆုံး ဘုရား ကျောင်းကိုဘဲ ပြန်လှည့်လာခဲ့ရတယ်.. ထူးဆန်းအံ့သြဖွယ်ဘဲ ဘုရားက အကောင်း ဆုံးသော တရားဟောချက် တစ်ပုဒ်ကို ဆေးတစ်ခွက်အနေနှင့် လက်ဆောင်ပေးခဲ့တယ်။ ဆရာက သခင်ယေရှုရဲ့ တစ်ဖက်သတ် အချစ်ကို ဟောခဲ့တယ်။ သခင် ယေရှုက လောကသားတွေရဲ့ သစ္စာရှိတဲ့ အချစ်ကို လိုလားတယ်။ သူ့ကို နှုတ်ခမ်း က ချစ်တယ်၊ ချစ်တယ်လို့ ထပ်ကာထပ်ကာပြောပြီး စာတန် နောက် တကောက် ကောက်လိုက်နေတာကို သူ မလိုလားဘူး။ *ဒါကြောင့် လောကအရာဖြစ်တဲ့ လူ/အရာဝတ္ထု တစ်ခုကို သူ့ထက် အလေးပေး ချစ်ခဲ့ရင် သူ ချက်ချင်း နှုတ်ယူတယ်။ သူ့မှာ ပေးပိုင်ခွင့်ရှိသလို ရုတ်သိမ်းပိုင်ခွင့်လဲ အပြည့်ရှိတယ်*လို့ ဟောခဲ့တယ်။ တရားဟောချက် အပြီးမှာတော့ ဘာကြောင့် အကြိမ်ကြိမ် ရှုံးနိမ့်ခဲ့ရ သလဲ၊ ဘာကြောင့် ကျွန်တော် အချစ်ရဆုံးသူကို ဆုံးရှုံးခဲ့ရသလဲ၊ ကျွန်တော် အဖြေကို ရခဲ့ပါပြီ။ အရမ်းနောက်ကျသွားပါပြီ.. သူမက ကျွန်တော့်ထက် သာတဲ့ သူကို ရက်ပိုင်းအတွင်း ရွေး ချယ်ခဲ့ပြီလေ။ ဒါကတော့ မိုက်မဲခဲ့မိတဲ့၊ ကျေးဇူးကန်းတဲ့ သိုးမဲလေးရဲ့ ဘယ်တော့မှ မပျောက်ကွယ်တော့မယ့် အရိပ်မဲ့အကြွင်း ဖြစ်ပါတယ်။

ချစ်သော လူငယ်များခင်ဗျား။ ဤသက်သေခံချက်ကြောင့် ကျွန်တော့်ကို ဟားမယ် ဆိုရင် ကျွန်တော့် အပြစ်အတွက် ကျေကျေနပ်နပ်ကြီး ခံယူပါ့မယ်။ ဒါပေမယ့် တစ်စုံ တစ်ယောက်သော သူအတွက် သန့်ရှင်းသောဝိညာဉ်တော်ရဲ့ တို့ထိမှုကြောင့် အသက် တာ၌ တည်ဆောက်စရာလေးတစ်ခု ဖြစ်ခဲ့မယ်ဆိုရင် ထိုသူအတွက် ကျေဇူးတော်ကို ချီးမွမ်း ပါတယ်။ ။ **Victory** (tdg)

---

## ဖခင်ပုံရိပ် ခမအ (မန်း)



မိခင်များနေ့၌ သားသမီးများက မိခင်ဂုဏ်ကို ဖော်ကျူး မကုန် နိုင်အောင် အားပါးတရ ချီးမွမ်း ပြောဆိုကြပါတယ်။ ဖွန်လ ဖခင်များနေ့၌မူ ဖခင် ဂုဏ်ကို ဖော်ပြဖို့ သားသမီးများကို မေတ္တာ ရပ်ခံတဲ့အခါ ရှားရှားပါးပါးသာ ရှိတတ် ပါတယ်။ ဘာ့ကြောင့်ပါလိမ့်လို့ ဖခင်ဖြစ်တဲ့ ကျွန်တော် ကိုယ်တိုင် အချိန်ယူ အကြိမ်များစွာ စဉ်းစားမိပါတယ်။ သားသမီးများက မွေးကတည်းက မိခင်ရင်ခွင်မှာ အစပြု နေခဲ့ရသလို ကလေး အထိန်း ထားရင်လဲ မိခင်ရဲ့ကျွေးမွေးမှုကို အချိန် အတော်ကြာ ခံစားခဲ့ရပါတယ်။

ဖခင်နှင့်မူ မိခင်လောက် အထိအတွေ့ မရှိခဲ့သလို ဖခင်ရဲ့ ကြင်နာမှုကို မိခင်လောက် မခံစားခဲ့ရရာလို့လား။ မိခင်က သားသမီးကို လိမ္မာရေးခြားရှိဖို့ ဆုံးမရပါတယ်။ ဖခင်ကလည်း မိခင်နည်းတူ သားသမီး အောင်မြင်တိုးတက်ပြီး လူတော် လူကောင်းဖြစ်ဖို့ ပဲ့ပြင် သွန်သင် ရတာပါဘဲ မိခင်သွန်သင်မှုကို အများအားဖြင့် အလွယ်တကူ လက်ခံလေ့ရှိတယ်။ ဖခင်ကိုကျတော့ ဘာ့ကြောင့် မိခင်လောက် လက်မခံချင်သလဲ။ ကျွန်တော့်မှာ သမီး ၂ယောက်ရှိတယ်။ သမီးကြီးက ယခုထိ ကျွန်တော့်ရဲ့ စိတ်ကို သိနေသလိုဘဲ။ အိမ်ထောင်ကျပြီးပေမဲ့ ကျွန်တော့်ရဲ့ မေတ္တာ၊ အပြုအမူကို သူ နားလည်တယ်။ ဘာ့ကြောင့်ပါလိမ့်။ သူငယ်ငယ်တုံးက လမ်းမလျှောက်နိုင် လောက်အောင် ထိခိုက် အနာတရဖြစ်တဲ့အခါ ကျွန်တော်က ကျောပိုးပြီး ဆေးခန်း ပြပေး၊ ဆေးကုပေးခဲ့ရပါတယ်။ တော်တော်ကြာကြာလေး ကုလိုက်ရ တယ်။ ဒါ့ကြောင့်လား။ သူ့ရဲ့ စိတ်နှလုံးထဲမှာ ကျွန်တော့်ရဲ့ ကြင်နာတဲ့ ပုံရိပ် ရှိသွားလို့ ဖြစ်လိမ့်မယ်။

သမီးငယ်ကတော့ အိမ်ကနေ တစ်ခါ ထွက်သွားဖူးတယ်။ ကျွန်တော့်ကြောင့်ဘဲ။ ဆုံးမတဲ့ စကား နားမထောင်ရင် "ကျွန်မ မိဘ စကား နားထောင်ပါ့မယ်" လို့ စာကြောင်း အရေအတွက် ၅ဝ ။ တစ်ခါတစ်ရံ စာကြောင်း အကြိမ် ၁ဝဝ လောက် ရေးခိုင်းပြီး ဆုံးမတတ်ပါတယ်။ မရိုက်တော့ပါ။ တစ်ခါက သမီးငယ် က ငယ်တဲ့ အရွယ်မှာ ဆုံးမစကား နားမထောင်လျှင် ရိုက်မယ်လို့ ကြိုပြောထားပါတယ်။ တကယ် နားမထောင်တဲ့အခါ တုတ်ကို ယူခိုင်းပြီး ရိုက်ပါတယ်။ တစ်ချိန်တွင် တုတ်ကို ရိုက်ဖို့ ယူခိုင်းရာ တုတ်တစ်ချောင်း မက သုံးချောင်း လောက်ယူလာပြီး 'ရိုက်ကြပါ။ ကြိုက်သလောက်ရိုက်ပါ' ဆိုပြီး ပြောခဲ့တဲ့ နောက်ပိုင်း ကနေ မရိုက်ဖြစ်တော့ပါ။ စာတော့ ၁ဝတန်းလောက်အထိ ရေးခိုင်း တတ်ပါတယ်။ လက်ရေးလဲ ပိုလှလာပါတယ်။ လိမ္မာလာပါတယ်။ နားထောင် တတ်ပါတယ်။ ဒါပေမဲ့ တစ်ညှ ကွာယာသီချင်းသွားကျင့်ပြီး အိမ်ကို ချက်ခြင်း ပြန်မလာဘဲ ခွင့်မတောင်းဘဲ သူငယ်ချင်းများနဲ့ ကြံ့ရည်သွားသောက်ပါတယ်။


အိမ်ပြန် နောက်ကျတာနဲ့ ယခင်ဆုံးမတဲ့ နည်းအတိုင်း "နောက်ဆိုရင် အိမ်ကို စောစော ပြန်လာပါ့မယ်" လို့ စာကြောင်းရေ အကြိမ် ၁ဝဝ ရေးခိုင်းတာ မရေးဘဲ အိပ်ယာထဲ ဝင်အိပ်သွားပါတယ်။ မရေးရ ကောင်းလားဆိုပြီး အတင်းရေးခိုင်းတာ အိမ်ကနေ ထွက်သွားတာနဲ့ ကြုံခဲ့ရပါတယ်။ သူ့ရဲ့ ပုံရိပ်မှာ ဖခင်ဖြစ်တဲ့ ကျွန်တော်ဟာ အကြမ်းဖက်သလို ဖြစ်သွားကြောင်း။ နောက်မှ အရွယ်ရောက် လူငယ် လူရွယ်အကြောင်း ရေးထားတဲ့ စာအုပ်ကို ဖတ် ကြည့်မိတော့ လူငယ်တွေ အရွယ် ရောက်တဲ့အခါ အပေါင်းအဖော်များနဲ့ လွတ် လပ်စွာ သွားလေ့ သွားထရှိကြောင်း သိခဲ့ရပါတယ်။ တက္ကသိုလ်အောင်ပြီး အလုပ် လုပ်တဲ့အခါ ကျွန်တော့်ရဲ့ မေတ္တာနဲ့ ဆုံးမတာတွေကို သူ သိနား လည်ခဲ့ပါပြီ။ ဒါပေမဲ့ သူ့ စိတ်နှလုံးထဲမှာ ကျွန်တော့်ရဲ့ ကက္ကာ က အကြမ်း ဖက်တတ်တဲ့ ပုံရိပ် ကတော့ ဖျောက်လို့ ရပ့ါ မလား။ ဖခင်များရဲ့ ပုံရိပ် ကောင်းကိုသာ သားသမီးများ စွဲကျန်ရစ် စေလိုကြောင်း။ ။ **ခမအ (မန်း)**

---

## ရေနက်ရာသို့ရွှေ့လော့။ (ကာတွန်း - မင်းအောင်သက်လွင်)

**အစိပ္ပါယ်ဖွင့်ဆိုချက်** - ခက်ခဲ ဝေးလံပြီး ဝိညာဉ်ရေးရာ ဆာငတ်တဲ့ နေရာတွေကို မသွားဘဲ။ လွယ်ကူ အဆင်ပြေ ဇိမ်ကျတဲ့ နေရာက တစ်ကောင်တည်းသော ငါးကို ပိုင်းဝန်းစုပြုံ များနေတာ မလွန်ဘူး လားဗျာ။ (ဟုတ်ကဲ့ပါ သခင်၊ ဒါပေမဲ့ ရေတိမ် မှာ ဇိမ်ကျချင်သေးလို့ ဖြေးဖြေးပေါ့ဗျာ။)

((ရွှံ့နွံဗွက်ကြား ရေအိုင်ထဲက ငါးတွေကို မဖမ်းဘဲ။ အလှမွေးကန်ထဲက တစ်ကောင်တည်းသော ငါးကို ဝိုင်းဝန်းစုပြုံ အချိန်ကုန် ဇိမ်ခံ ဖမ်းနေတုံးဘဲလား))




မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂဏ နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

**Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076**
**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))

<u>မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်</u>



*သခင့်စကား* ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁ဝ၇ ။ ဇူလိုင်လ ၂ဝ၁ဝခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွက် အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။